# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၀.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၃-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့တွင် ခွင့်တိုင်ကြားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုးမှ ခွင့်ပန်ကြားခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ ၇၄ ဦးရှိပြီး ယခင်ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ၈၃ ဦးခွင့်ပန်ကြားကြောင်း ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်တိုင်ကြားသူ ၇၄ ဦးမှာ-

(၁) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁၁ ရက်၊

(၂) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၃ ရက်၊

(၃) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၈ ရက်၊

(၄) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၃ ရက်၊

(၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၆) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၂ ရက်၊

(၇) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၂ ရက်၊

(၈) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၉) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၁၀) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၁ ရက်၊

(၁၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၁၂) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၂ ရက်၊

(၁၃) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၅ ရက်၊

(၁၄) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၂ ရက်၊

(၁၅) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၁၆) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၁၇) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၂ ရက်၊

(၁၈) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၁၉) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊

(၂၀) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၃ ရက်၊

(၂၁) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၂၂) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၂၃) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂၄) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၂၅) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၅ ရက်၊

(၂၆) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၅ ရက်၊

(၂၇) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၂၈) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၂ ရက်၊

(၂၉) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၃၀) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၃၁) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၃၃) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၃၄) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၅ ရက်၊

(၃၅) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၃၆) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၂ ရက်၊

(၃၇) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၂ ရက်၊

(၃၈) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၃၉) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၅ ရက်၊

(၄၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၄၁) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၄၂) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၄၃) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၄၄) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၄၅) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၁ ရက်၊

(၄၆) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၂ ရက်၊

(၄၇) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၄၈) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၂ ရက်၊

(၄၉) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၁ ရက်၊

(၅၀) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၃ ရက်၊

(၅၁) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

(၅၂) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၅ ရက်၊

(၅၃) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၃ ရက်၊

(၅၄) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၅၅) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၁ ရက်၊

(၅၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၅၇) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၃ ရက်၊

(၅၈) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

**မူကြမ်း**

(၅၉) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၂ ရက်၊

(၆၀) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၆၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၆၂) ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ခွင့် ၁ ရက်၊

(၆၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၆၄) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်၊

(၆၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၆၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၅ ရက်၊

(၆၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းနိုင်လွင် ခွင့် ၅ ရက်၊

(၆၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၅ ရက်၊

(၆၉) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၇၀) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၇၁) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၂ ရက်၊

(၇၂) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၇၃) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၃ ရက်၊

(၇၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး ယနေ့ခွင့်ပြုထားသူ ၇၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၈၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**မူကြမ်း**

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသော မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဖြေကြားခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့ဟု သတ်မှတ်ထားခြင်းအား တော်လှန်ရေးနေ့ဟု ပြန်လည် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ရဲဘော်သုံးကျိပ်တို့ဟာ ဟိုင်နန်ကျွန်းတွင် ပင်ပန်းဆင်းရဲခံပြီး အခက်အခဲများကြားမှ စစ်ပညာကို သင်ယူခဲ့ကြရပါတယ်။ စစ်ပညာသင်ယူကြပြီးနောက် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီ နေ့မှာ ဗန်ကောက်မြို့ ဦးလွန်းဖေ နေအိမ်၌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ရဲဘော်သုံးကျိပ်တို့ဟာ လွတ်လပ်ရေးရယူရန်အတွက် အသက်ပေးတိုက်ပွဲဝင်ကြရန် ပထမအကြိမ် လက်မောင်းသွေးဖောက် သောက်ပြီး သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြပါတယ်။ ဒါ့အပြင် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ ဘန်ကောက်မြို့ စာကွန်းလမ်း ဖရန့်ဖီးအဆောက်အအုံရှိ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်သောအိမ်မှာ ဒုတိယအကြိမ် သွေးသောက်ပွဲ ထပ်မံပြုလုပ်ခဲ့ကြပြန်ပါတယ်။ ထိုအချိန်မှစပြီး ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး စတင်ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော် စတင်ဖွဲ့စည်းပေါ်ပေါက် လာရန် အုတ်မြစ်ချခဲ့တဲ့ အထက်ပါတစ်ရက်ရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခြင်းက ပိုမို သင့်တော်ပါတယ်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှာ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တော်လှန်ရေး ပန်းခြံ၌ မျိုးချစ်တပ်မတော်ရဲဘော်များကို စစ်မြေပြင်သို့ထွက်ရန် စစ်သေနာပတိချုပ် ဗိုလ်ချုပ် အောင်ဆန်းက စုဝေးစေခဲ့ပါတယ်။ မျိုးချစ်တပ်မတော်သားများကလည်း လွတ်လပ်ရေးရယူရန်

စိတ်ဓာတ်အခိုင်အမာဖြင့် စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်းရဲ့ စစ်ထွက်မိန့်ခွန်းကို နာယူခဲ့ကြပါတယ်။ ထို့နောက် စစ်မြေပြင်သို့ထွက်ကြပြီး ဖက်ဆစ်တပ်များကို တော်လှန်ကြတဲ့အခါ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ကူညီမှုအင်အားဖြင့် အောင်မြင်မှုရရှိခဲ့ပါတယ်။ ဖက်ဆစ်ဝါဒီများကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်နိုင်ခဲ့တဲ့ မတ်လ ၂၇ ရက်နေ့ဟာ တော်လှန်ရေးနေ့စစ်စစ်ဖြစ်ပါတယ်။ ဟိုတုန်းကလည်း တော်လှန်ရေးနေ့လို့ပဲ ခေါ်ဝေါ်ခဲ့ကြပါတယ်။ သမိုင်းရဲ့အမှန်တရားကို နောင်လာနောက်သားများအမှတ်မမှားကြရန် သတိပြုကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့ဟုသတ်မှတ်ထားခြင်းအား တော်လှန်ရေးနေ့ဟု ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၅ ခုနှစ်မှာ ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့တပ်မတော်က တိုင်းရင်းသားပြည်သူလူထုကို ဦးဆောင်မှုပေးကာ တွန်းလှန်တိုက်ခိုက်မှုစတင်ခဲ့တဲ့ မတ်လ ၂၇ ရက်နေ့ကို တပ်မတော်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုများတွင် အထင်ကရနေ့အဖြစ် သတ်မှတ်ကာ တပ်မတော်အားဂုဏ်ပြုတဲ့အနေနဲ့ ၁၉၄၆ ခုနှစ်မှစပြီးတော့ ၁၉၅၃ ခုနှစ်အထိ နှစ်စဉ် မတ်လ ၂၇ ရက်နေ့ကို တပ်ရင်း/တပ်ဖွဲ့အသီးသီးမှာ တော်လှန်ရေးနေ့အဖြစ် ကျင်းပခဲ့တာမှန်ပါတယ်။ ၁၉၅၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှစပြီး တော်လှန်ရေးစစ်ထွက်ဟန်ပုံဖော်တဲ့ အခမ်းအနားကြီးအဖြစ် ကျိုက္ကစံကွင်း၊ တာမွေမြို့နယ်မှ မင်္ဂလာဒုံခရေပင်လမ်းခွဲ တိုင်းအားကစားကွင်းအထိ ချီတက်ခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ တော်လှန်ရေးနေ့အခမ်းအနားကို ကျိုက္ကစံကွင်းမှ ဦးဝိစာရလမ်း တပ်မတော်အားကစားကွင်းဝင်း(မိုင်ဒါကွင်း)အထိ ချီတက်ခဲ့ပြီး အခမ်းအနားမှာ နိုင်ငံတော်ရဲ့အကြီးအကဲဖြစ်တဲ့ ဗိုလ်ချုပ်နေဝင်းက တပ်မတော်ကြီးတွေရဲ့ ထုံးတမ်းစဉ်လာအရ ကြည်းတပ်၊ ရေတပ်၊ လေတပ် အပါအဝင်ဖြစ်တဲ့ ဗမာ့တပ်မတော်ကြီးတစ်ခုလုံးရဲ့ တပ်မတော်နေ့ရယ်လို့ သတ်မှတ်ဖို့လိုလာတယ်။ အဲ့ဒီလိုသတ်မှတ်ဖို့အတွက် အနီးစပ်ဆုံး၊

အမွန်မြတ်ဆုံးနေ့ကိုရွေးကြတော့ တော်လှန်ရေးနေ့ဟာ အသင့်မြတ်ဆုံးဖြစ်တယ်ဆိုတာ တွေ့ရတယ်။ ဒါကြောင့် တော်လှန်ရေးနေ့ကိုပဲ တပ်မတော်နေ့အဖြစ် ယနေ့၊ ယခုနှစ်ကစပြီး သတ်မှတ် လိုက်ပါတယ်။ ယနေ့ (၁၀)ကြိမ်မြောက် တော်လှန်ရေးနေ့ကစပြီး (၁၀)ကြိမ်မြောက် ဗမာ့တပ်မတော်နေ့ရယ်လို့ ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုအပါအဝင်ဖြစ်တဲ့ အရာရှိရဲဘော်အားလုံး အသိအမှတ်ပြုကြစေလိုတယ်ဟု ပြောကြားခဲ့တာတွေ့ရပါတယ်။

ကမ္ဘာ့နိုင်ငံအများအပြားမှာလည်းပဲ တပ်မတော်ကို ဂုဏ်ပြုတဲ့အနေနဲ့ နှစ်စဉ် တပ်မတော်နေ့များကို ကျင်းပကြပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ မြန်မာ့တပ်မတော်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်မှအစပြုပြီးတော့ ထင်ရှားတဲ့နေ့ဖြစ်တဲ့ ဖက်ဆစ်ဂျပန်တို့ကို တပ်မတော်မှ ဦးဆောင်တိုက်ခိုက်ခဲ့တဲ့ မတ်လ ၂၇ ရက်နေ့မှာ မြန်မာ့တပ်မတော်ကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်စေရန် ဂုဏ်ပြုခြင်းဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ဆောင်ရွက်မှုများဟာ တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်ဆိုတဲ့အတိုင်း တပ်မတော်ရဲ့ဂုဏ်ကို ဝင့်ထည်စေမှု၊ နိုင်ငံ့ဂုဏ်ကို ဝင့်ထည်စေမှုဖြစ်စေကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော အမျိုးသားရေးကို စောင့်ထိန်းလိုက်နာစေနိုင်သော ပုံဖော်ညွှန်ပြမှုများဖြစ်တဲ့အပြင် ခေတ်ကာလနှင့်အညီ သင့်မြတ်တဲ့အစီအစဥ် ဆောင်ရွက်မှုများဖြစ်ပြီး နိုင်ငံတကာ မီဒီယာများမှာလည်း မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ကျင်းပကြောင်းကို အသိအမှတ်ပြုမှုများရရှိပြီးဖြစ်ပါတယ်။

အာဆီယံနိုင်ငံများအတွင်းမှာ ထိုင်းနိုင်ငံရဲ့တပ်မတော်နေ့ကို နန္ဒဘုရင်လက်ထက်ဖြစ်တဲ့ ၁၅၉၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ယိုးဒယားနိုင်ငံ ဆူဖန်ဘူရီပြည်နယ်၊ နွန်းဆာရိုင်ဒေသမှာ မြန်မာအိမ်ရှေ့ဥပရာဇာမင်းကြီးစွာကို နရစွန်က ဆင်ဖြင့်စီးချင်းထိုးပြီး အောင်နိုင်ခဲ့တဲ့နေ့ကို အကြောင်းပြုပြီးတော့ နှစ်စဉ် ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ကျင်းပကြောင်းတွေ့ရပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာလည်း တပ်မတော်နေ့ကို သတ်မှတ်ထားခြင်းမရှိပေမယ့် လူမျိုးတုံးသတ်ဖြတ်တဲ့စနစ်အပေါ်မှာ တပ်မတော်မှ အောင်မြင်တဲ့ ဇန်နဝါရီလ ၇ ရက်နေ့တိုင်း Victory over Genocide Regime Day ဟု သတ်မှတ်ခေါ်ဝေါ်ပြီးတော့နှစ်စဉ် ကျင်းပနေတာကို တွေ့ရှိရပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာလည်းပဲ တပ်မတော်နေ့ကို Republic of Korea Armed Forces Day လို့ ခေါ်ပြီးတော့ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ ကိုရီးယားစစ်ပွဲအပြီး ကိုရီးယားနှစ်နိုင်ငံ ပိုင်းခြားထားတဲ့ ၃၈ မျဉ်းပြိုင်နယ်နိမိတ်ကို တပ်မတော်မှ ပြန်လည်သိမ်းယူ

ဖြတ်ကျော်နိုင်ခဲ့တဲ့ အောက်တိုဘာလ ၁ ရက်နေ့တိုင်းကို နှစ်စဉ်ကျင်းပနေကြောင်း တွေ့ရှိရပါတယ်။ အာဆီယံနိုင်ငံများသာမက နိုင်ငံတကာတို့မှာ တပ်မတော်နေ့အဖြစ် သတ်မှတ်ကျင်းပနေမှုများနှင့် နှိုင်းယှဉ်လေ့လာပါက မြန်မာနိုင်ငံ၏ တပ်မတော်နေ့အဖြစ် သတ်မှတ်အသိအမှတ်ပြုကျင်းပမှုများဟာ အနှစ်သာရနှင့် ကိုက်ညီပြည့်ဝပေါ်လွင်နေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ မြန်မာပြည်သူလူထုအပေါ် လူမဆန်စွာရက်စက်ကြမ်းကြုတ်လှတဲ့ ဖက်ဆစ်ဂျပန်အား လူထုကို ဦးဆောင်မှုပေးကာ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့တဲ့တပ်မတော်ကို ဂုဏ်ပြုတဲ့အနေဖြင့် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့ဟု သတ်မှတ်ခြင်းအား တော်လှန်ရေးနေ့လို့ ပြောင်းလဲသတ်မှတ်ရန် အစီအစဉ်မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**တောင်ယမားချောင်းရေတိုက်စားမှုကြောင့် ညောင်ပင်ကိုင်းကျေးရွာအနီး ကမ်းပါးပြိုကျနေခြင်းကို ကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့်၊ ဆားလင်းကြီးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ဒေသခံပြည်သူတွေရဲ့ ဆန္ဒနဲ့ကိုယ်စားပြုပြီးတော့ အပြုသဘောနဲ့ မိုးရာသီအမီဆောင်ရွက်ပေးရန် လိုအပ်တဲ့ လုပ်ငန်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဆားလင်းကြီးမြို့နယ်ဟာ ယမားနှစ်ခုချောင်း ကြားမှာရှိပြီးတော့ ယင်းယမားချောင်းများသည် အနောက်ဘက် ကျောက်ထုမြို့နယ်၊ ယောမြို့နယ်၊ ဆောမြို့နယ်၊ ပုလဲမြို့နယ် မြေမြင့်ဘက်ကနေပြီးတော့ အရှေ့ဘက် ချင်းတွင်းမြစ်အနိမ့်ပိုင်းကို မိုးရာသီ မှာစီးဆင်းပါတယ်။ တောင်ယမားချောင်းဟာ ဘုန်းစုငွေသာကျေးရွာမှတစ်ဆင့် ညောင်ပင်ကိုင်း ကျေးရွာအနီးမှာ ဖြတ်သန်းစီးဆင်းပါတယ်။ မိုးရာသီမှာ တောင်ကျရေရှိသဖြင့် မိုးရေစီးဆင်းမှုကြောင့် အရှိန်အဟုန်များပြားတဲ့အတွက် ကမ်းပါးရေတိုက်စားမှုများရှိပါတယ်။ ၂၀၁၁ မိုးရာသီမှာ တောင်ယမားချောင်းရေစီးဆင်းမှုကြောင့် ညောင်ပင်ကိုင်းကျေးရွာအနီးမှာ ကမ်းပါးပြိုပျက်မှုရှိသဖြင့် ဌာနဆိုင်ရာအသီးသီးကို တင်ပြတဲ့အခါ ပို့ဆောင်ရေးဝန်ကြီးဌာနကွပ်ကဲမှုအောက် ရေကြောင်း ထိန်းသိမ်းရေးဌာနမှ ပညာရှင်များအကူအညီ ရယူထိန်းသိမ်းခဲ့ရပါတယ်။ ၂၀၁၂-၂၀၁၃ မှာလည်း ကျေးရွာလူထုလုပ်အားနဲ့ ကိုယ်ထူကိုယ်ထ မျှောတိုင် ၁၀၀၀ ကျော် ကျွန်တော်တို့ မြေပြိုမှုမှာ

ကြိုးစားဆောင်ရွက်ခဲ့သော်လည်း ရေစီးဆင်းမှုကြောင့် မြေပြိုမှုဟာ ယခုအချိန်မှာ ဆက်လက်ဖြစ်ပွားပြီးတော့ ဘုရားစေတီနဲ့ မူလတန်းကျောင်း ဧရိယာနဲ့ ပေ ၅၀ လောက်သာ ဝေးတဲ့အခြေအနေရှိပါတယ်။ ဒါကြောင့်မို့လို့ မြေပြိုမှုထပ်မံမဖြစ်ပွားရေးအတွက် သက်ဆိုင်ရာပညာရှင်များနဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေအသုံးပြုပြီး ဒေသခံပြည်သူတွေအပါအဝင် မိုးရာသီမကျမီ ဆောင်ရွက်ပေးနိုင်ပါရန်၊ ကမ်းပါးပြိုကျမှုကြောင့် ဘုရားစေတီ၊ မူလတန်းကျောင်း ပျက်စီးမည့်အန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောင်ရွက်ပေးနိုင်ရန်နဲ့ အဆိုပါလုပ်ငန်းအား မိုးရာသီမတိုင်မီ ကမ်းပါးပြိုကျမှုကာကွယ်ပေးမယ့် အစီအမံသိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆားလင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကိုင်းကျေးရွာအနီး တောင်ယမားချောင်းရေတိုက်စားမှုအခြေအနေကို ၁၂-၆-၂၀၁၃ ရက်နေ့မှာလည်းကောင်း၊ ၄-၅-၂၀၁၄ ရက်နေ့မှာလည်းကောင်း ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၁၂-၆-၂၀၁၃ နေ့ ကွင်းဆင်းစစ်ဆေးစဉ်က ညောင်ပင်ကိုင်းကျေးရွာလူထုမှ မျောတိုင်တန်းရေကာတိုများ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ကမ်းပါးအခြေတွင် သဲသောင်များဖြစ်ထွန်းပြီးတော့ ကမ်းပါးတည်ငြိမ်လျက်ရှိပါတယ်။ ၄-၅-၂၀၁၄ ရက်နေ့ ကွင်းဆင်းစစ်ဆေးစဉ်မှာ ၂၀၁၃ ခုနှစ် မိုးရာသီတောင်ယမားချောင်း ရေကျဆင်းချိန် ချောင်းရဲ့ ရေစီးကြောင်းပြောင်းလဲမှုကြောင့် ကမ်းပြိုမှုများ ထပ်မံဖြစ်ပေါ်ခဲ့ပါတယ်။ ချောင်းကမ်းပါးမှာ မတ်စောက်လျက်ရှိပြီးတော့ ကမ်းပြိုအလျားမှာ ၉၀၀ ပေ ခန့်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ မီးဘေးနဲ့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ခွင့်ပြုရန်ပုံငွေစာရင်းတွင် ညောင်ပင်ကိုင်းကျေးရွာ ကျေးရွာကမ်းပါးပြိုကာကွယ်ရေးအတွက် ကျပ် ၃၅.၀၀ သန်း ပါဝင်ခဲ့ပြီးတော့ မူလလျာထားအစီအမံမှာ Steel Basket

အခြေပြုကျောက်စီမြေထိန်းနံရံအလျား ၂၇၀ ပေတည်ဆောက်ခြင်းနဲ့ မျောတိုင်တန်းကရစ်ကွက် အလျား ၃၈၀ ပေ တည်ဆောက်ခြင်းတို့ဖြစ်ပါတယ်။ ယခုအခါမှာ ချောင်းရေလမ်းကြောင်းပြောင်းလဲလာပြီး ဖြစ်ပေါ်နေတဲ့ မြေပြင်အခြေအနေအရ ကမ်းပါးပြိုအလျား ၉၀၀ ပေမှာ Steel Basket အခြေပြုကျောက်စီနံရံ တည်ဆောက်ခြင်းနဲ့ Steel Basket တည်ငြိမ်မှု အထောက်အကူပြု မျောတိုင်တန်း ကျောက်ဖြည့်ရေကာတို အလျား ၈၀ ပေ ခြောက်ခုတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်း ၁၂၀ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံ ငွေ ၃၅.၀၀ သန်းဖြင့် Steel Basket အခြေပြုကျောက်စီနံရံ မြေထိန်းနံရံအလျား ၂၆၀ ပေ တည်ဆောက်ပေးနိုင်မှာဖြစ်ပါတယ်။ ကျန်ရှိတဲ့ Steel Basket အခြေပြုကျောက်စီမြေထိန်းနံရံအလျား ၆၄၀ ပေနဲ့ မျောတိုင်တန်း ကျောက်ဖြည့်ရေလွှဲရေကာတိုအလျား ၈၀ ပေ ခြောက်ခုရဲ့ ခန့်မှန်းတန်ဖိုးမှာ ၈၅.၁၀ သန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ မီးဘေးနဲ့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဖြည့်စွက်ရန်ပုံငွေရရှိရေးတင်ပြတောင်းခံမည်ဖြစ်ပြီးတော့ ဖြည့်စွက်ရန်ပုံငွေရရှိပါက ကျန်ရှိတဲ့ Steel Basket အခြေပြုကျောက်စီမြေထိန်းနံရံအလျား ၆၄၀ ပေနဲ့ မျောတိုင်တန်းကျောက်ဖြည့်ရေကာတို အလျား ၈၀ ပေ ခြောက်ခု တည်ဆောက်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံပိုင်အင်းများအား လေလံအပြိုင်ဆွဲယူခြင်းမပြုဘဲ ကုမ္ပဏီအမည်ဖြင့် တိုက်ရိုက်လုပ်ပိုင်ခွင့်ပြုခြင်း၊ အမြတ်ယူ အင်းချထားခြင်းသည် လေလံစည်းကမ်းနှင့် ညီညွတ်မှုရှိ/မရှိနှင့် အင်းလုပ်ကိုင်သူများကြောင့် စပါးစိုက်ခင်းများ ဆုံးရှုံးနစ်နာမှုအား မည်သို့စီမံပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရသည် ဂရန်အင်းများအား လေလံတင်ရောင်းချခြင်းနှင့် ကြေးတိုင်စိုက်လုပ်ကိုင်ခွင့်များ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ထန်းတပင်မြို့နယ်အတွင်းရှိ ဂရန်အင်းများအား လေလံတင်ရောင်းချရာတွင် လေလံကြော်ငြာ၌ Star ပြ၍ လေလံဆွဲယူခွင့်မလိုဘဲ ဂရန်အင်း ၁၉ အင်းအား ကုမ္ပဏီတစ်ခုစီ By Name ဖြင့် အမည်ပေါက်လုပ်ကိုင်ခွင့် ရရှိခဲ့ပါတယ်။ အဆိုပါကုမ္ပဏီသည် ရရှိသောဂရန်အင်းများအား

အမြတ်တင်ရောင်းစားပါကြောင်း ဂရန်အင်းများ ပတ်ဝန်းကျင်တွင်ရှိသော တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်သည့် စပါးစိုက်ခင်းများ အောင်ရေလိုချိန်၌ ရေတင်ရေးကိစ္စများသည် အင်းသမားနှင့် လယ်သမားများ အငြင်းပွားမှုနှင့် မပြေလည်မှုများရှိနေပါကြောင်း၊ တောင်သူလယ်သမားများသည် ဂရန်အင်းများအား သတ်မှတ်ကြမ်းခင်းဈေးဖြင့် အပြိုင်ဝယ်လိုကြောင်း ဆွဲဝယ်ခွင့်မရ၍ တင်ပြလာခြင်းအပေါ် တောင်သူလယ်သမားများအကျိုးငှာ ဥက္ကဋ္ဌကြီးကတစ်ဆင့် အောက်ပါမေးခွန်းများမေးမြန်းအပ်ပါသည်။

မေးခွန်း(၁) ကုမ္ပဏီသည် နိုင်ငံပိုင်အင်းများအား လေလံစည်းကမ်းအရ အင်းလေလံအပြိုင်ဆွဲဝယ်ခြင်းမရှိဘဲ၊ ကြေးတိုင်စိုက်ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီအမည်ဖြင့် တိုက်ရိုက်အင်းရယူသော အထူးအခွင့်အရေး ဆောင်ရွက်ခွင့်ရှိပါသလား။ မေးခွန်း(၂) ကုမ္ပဏီသည် အင်းလေလံအပြိုင်ဆွဲဝယ်ခြင်းမရှိဘဲ တိုက်ရိုက်အမည်ပေါက်ရယူခြင်းနှင့် အမြတ်ယူအင်းချခြင်းသည် ဥပဒေအရလည်းကောင်း၊ လေလံစည်းကမ်းအရလည်းကောင်း ညီညွတ်မှုရှိ/မရှိ၊ မေးခွန်း(၃) ကော့ကရက်အင်း၊ စွန်ပကအင်း၊ ကုန်းအင်းကြီး၊ တူးချောင်းရိုးအင်းပတ်ဝန်းကျင်ရှိ တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်သော စပါး စိုက်ခင်းများ အောင်ရေအခက်အခဲရှိသဖြင့် ပြဿနာပေါ်ပေါက်သည်ကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ မေးခွန်း(၄) အထက်ပါအင်းများအား စပါးစိုက်တောင်သူများ အောင်ရေအခက်အခဲမရှိစေရန် သတ်မှတ်ထားသော ကြမ်းခင်းဈေးဖြင့် အင်းလေလံဆွဲဝယ်ခွင့် ဦးစားပေးဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိ၊ (၅) အင်းလုပ်ကိုင်သူများကြောင့် အောင်ရေမရရှိဘဲ စပါးစိုက်ခင်းများ၊ ဆုံးရှုံးနစ်နာမှုအား မည်သူ့တွင်တာဝန်ရှိပြီး မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမဝါယမ၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီးတော့ ထန်းတပင်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီမေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ဒဂုံကုမ္ပဏီဟာ နိုင်ငံပိုင်အင်းများကို လေလံစည်းကမ်းအရ၊ အင်းလေလံအပြိုင်ဆွဲယူခြင်းမရှိဘဲ၊ ကြေးတိုင်စိုက်ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီအမည်ဖြင့် တိုက်ရိုက်အင်းရယူသော အထူးအခွင့်

အရေး ဆောင်ရွက်ခွင့်ရှိပါသလားဟူသော မေးခွန်းနှင့်ပတ်သက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ နိုင်ငံတော်စီမံချက်နဲ့ ဖော်ထုတ်ဆောင်ရွက်ခဲ့တဲ့ ရေကြီးကွင်း/ရေနက်ကွင်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရေအောက်ရတနာမြေများ ဖော်ထုတ်ရေးစီမံကိန်းကို ကုမ္ပဏီများသို့ လုပ်ပိုင်ခွင့်ချထားပေးခဲ့ရာတွင် မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ ရက်စွဲပါစာနဲ့ ဒဂုံကုမ္ပဏီသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဘောလည်ကျွန်းတွင် ၅၂၀၀ ဧကနှင့် အိုင်ကလောင်ကျွန်းတွင် ၉၁၀၀ ဧကစုစုပေါင်း ၁၄၃၀၀ ဧကခွင့်ပြုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ၉-၇-၂၀၁၀ ရက်စွဲပါစာအမှတ်၊ ၂၈၃/၃-၃/တယက ဖြင့် လ/န-၃၉ ခွင့်ပြုမိန့် ၂၃၅ ဧကခွင့်ပြုချထားပေးခဲ့ပါတယ်။

ထိုသို့ စီမံကိန်းကုမ္ပဏီများသို့ ခွင့်ပြုချထားပေးခဲ့သော ဧရိယာများတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ နှစ်စဉ် အင်းလေလံခွန်ကောက်ခံလျက်ရှိသော ဂရန်အင်း ၂၁ လုံးပါရှိခဲ့ပါသဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အင်းလုပ်ငန်း၊ ကုမ္ပဏီနှင့် ရေလုပ်သားများအကြား မလိုလားအပ်တဲ့ ပြဿနာများ၊ လူမှုရေးပဋိပက္ခများ မဖြစ်ပေါ်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေမှုများ မပေါ်ပေါက်စေရေး ရည်ရွယ်ပြီးတော့ နှစ်စဉ်အစိုးရအဖွဲ့ရဲ့ အလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ၁၉၉၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့ ရက်စွဲပါဥပဒေအမှတ်(၁/၉၁) ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ-၂၀ တွင် ဤဥပဒေအရ ဝန်ကြီးသည် နိုင်ငံတော်၏ အကျိုးငှာလိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုခြင်းဟု ပြဋ္ဌာန်းချက်အရ အဆိုပါအင်း ၂၁ အင်းကို သက်ဆိုင်ရာကုမ္ပဏီများသို့ တပေါင်းတည်းဆက်စပ် စီမံလုပ်ကိုင်နိုင်ရန် ခွင့်ပြုချက်ချထားပေးခဲ့ပါတယ်။ ဒဂုံကုမ္ပဏီသည် အင်းလေလံအပြိုင်ဆွဲဝယ်ခြင်းမရှိဘဲ တိုက်ရိုက်လုပ်ကိုင်ခွင့်ပြုခြင်းနှင့် အမြတ်ယူအင်းချထားခြင်းသည် ဥပဒေအရ၊ လေလံစည်းကမ်းချက်အရ ညီညွတ်မှုရှိ/မရှိဟူသော မေးခွန်းနှင့်ပတ်သက်ပြီး ဒဂုံကုမ္ပဏီအား ၎င်းတို့စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန်နှင့် ရေအောက်ရတနာများ ဖော်ထုတ်ရေးစီမံကိန်းအကောင်အထည်ဖော်ရန် ခွင့်ပြုချထားပေးသော ရေနက်ကွင်းဧရိယာအတွင်း ကျရောက်ပါဝင်နေသော အင်းများအား ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ခွင့်ပြုချပေးခဲ့ခြင်းဖြစ်ပြီး၊ ရေချိုငါးလုပ်ငန်း ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းအပိုဒ် ၅၇(က)

အရ အင်းဂရန်ရရှိသူသည် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ၊ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထပ်ဆင့်အငှားချထားနိုင်သည်ဆိုသည့်ဥပဒေပါ ဆောင်ရွက်ပိုင်ခွင့်အရ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ကော့ကရက်အင်း၊ စွန်ပကအင်း၊ ကုန်းအင်းကြီးနဲ့ တူးချောင်းရိုးအင်းပတ်ဝန်းကျင်ရှိ တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်တဲ့ စပါးစိုက်ခင်းများ အောင်ရေအခက်အခဲရှိကြသဖြင့် ပြဿနာပေါ်ပေါက်သည်ကို သိရှိပါသလားဟူသော မေးခွန်းနှင့်ပတ်သက်၍ ဒဂုံကုမ္ပဏီဟာ ၎င်းရဲ့စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ခွင့်ရ ဧရိယာထဲတွင်ပါဝင်တဲ့ အင်းများအနက် (၁)ကြူတောအင်းမ၊ (၂)အင်းကျန်အင်းမ၊ (၃) ပင်လယ်တိမ်အင်း၊ (၄) ကြာမန်းကြီးအင်း၊ (၅) လေးကဝိအင်း၊ (၆) အင်းကကနား၊ (၇) အင်းဂလွတ်အင်းတို့ကို ကြာမန်းရွာနေ တောင်သူဦးမြင့်ကြိုင်တို့ကိုလည်းကောင်း၊ (၈) ကော့ကရော့ဂရက်အင်းကို ညောင်ဆိပ်ရွာနေ တောင်သူဦးဉာဏ်စိန်သို့လည်းကောင်း၊ (၉) စွန်ပကအဖျားအင်းကို တလိုင်မီရွာနေ တောင်သူဦးပေါ်ကာသို့လည်းကောင်း၊ (၁၀) ကြာမန်းလေးအင်းကို သလိပ်ကျေးရွာနေတောင်သူဦးသန်းသို့လည်းကောင်း၊ (၁၁) ထောင်ရိုးအင်းအား သလိပ်ကျေးရွာနေ တောင်သူဦးသန်းအောင်သို့လည်းကောင်း တစ်ဆင့်အငှားချ လုပ်ကိုင်ခွင့်ပေးထားသဖြင့် စပါးစိုက်တောင်သူနှင့် အင်းလုပ်ငန်းကို ပြဿနာမပေါ်ပေါက်စေရေး၊ စပါးအောင်ရေသုံးစွဲရေးကိစ္စ အဆင်ပြေချောမွေ့စေရေး စီမံဆောင်ရွက်ခဲ့သဖြင့် နှစ်စဉ်တိုင်းတွင် တောင်သူနှင့်အင်းလုပ်ငန်းအကြား ပြဿနာကြီးကြီးမားမားပေါ်ပေါက်ရှင်းလင်းခဲ့ရခြင်း မရှိခဲ့သော်လည်းပဲ ဤမေးခွန်းတွင်ဖော်ပြထားတဲ့ ကုန်းအင်းကြီးဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာနတွင် တလိုင်မီ ကုန်းအင်းဟု အမည်ပေါက်ပြီး ဒဂုံကုမ္ပဏီသို့ ချထားပေးတဲ့ အင်းစာရင်းမှာမပါဝင်တဲ့ သီးခြားကြေးတိုင်အင်းတွင် ၂၀၁၃-၂၀၁၄ အင်းလုပ်ငန်းရာသီအတွင်း အောင်ရေကိစ္စအတွက် လယ်သမားနှင့် အင်းသမားများ၊ ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများကွင်းဆင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်ကို သိရှိရပါတယ်။

ဒေသခံတောင်သူလယ်သမားများကို နိုင်ငံတော်ကြမ်းခင်းဈေးဖြင့် လေလံဆွဲယူခွင့် ဦးစားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဟူသော မေးခွန်းနှင့်ပတ်သက်ပြီး ငါးလုပ်ငန်းဦးစီးဌာနသည် လက်ရှိအစိုးရလက်ထက်မှာ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄ အရ ဂရန်အင်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် နှစ်စဉ်ရောင်းချပေးလျက်ရှိပြီး စီမံကိန်းလိုအပ်ချက်၊ နိုင်ငံတော်လိုအပ်ချက်များအရသာလျှင် ကြမ်းခင်းဈေးအပေါ် သတ်မှတ်တိုးမြင့်ပေးတဲ့ အင်းခွန်ငွေဖြင့် ကုမ္ပဏီ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ လုပ်ကိုင်ခွင့်ချထားပေးခဲ့ပြီး စပါးစိုက်ပျိုးရေးနှင့် အင်းလုပ်ငန်းတို့ ပြဿနာမပေါ်

ပေါက်စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်ရေးကော်မတီ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ နှစ်စဉ်ကွင်းဆင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အင်းလုပ်ကိုင်သူများကြောင့် အောင်ရေမရရှိဘဲ စပါးစိုက်ခင်းများ ဆုံးရှုံးနစ်နာမှုအား မည်သူ့တွင်တာဝန်ရှိပြီး မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်နည်းဟူသော မေးခွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနသည် ဆက်စပ်ဌာနများဖြစ်တဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့နှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များပါဝင်တဲ့ စိုက်တိုးမြှင့်အဖွဲ့များဖွဲ့စည်းကာ တောင်သူများရဲ့ လယ်ယာစိုက်ပျိုးရေးအတွက် ဥတုရာသီအမီ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလုပ်ငန်းလုပ်ကိုင်သူများကြောင့် အောင်ရေမရရှိဘဲ စပါးစိုက်ခင်းများ ဆုံးရှုံးမှုမဖြစ်အောင် ဖော်ပြပါအဖွဲ့များမှ မျှတပြေလည်သည်အထိ အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မော်လမြိုင်မြို့တွင် Toll Gate အား မြို့၏ဝင်ထွက်နယ်နိမိတ်ရှိရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်ဌေးကြွယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်ဖြစ်ပါတယ်။ ကျွန်မမှ မော်လမြိုင်မြို့အဝင် Toll Gate ပြောင်းရွှေ့ခြင်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ မော်လမြိုင်မြို့သို့ဝင်သော Toll Gate သည် မြို့နယ် နယ်နိမိတ်အတွင်းမှ မြို့တွင်းသို့ နှစ်မိုင်ခန့် အကွာအဝေးတွင်ထားရှိပါတယ်။ မြို့တွင်းမှ မြို့အထွက်မရောက်မီ နှစ်မိုင်အလိုတွင်ထားရှိသော သဘောဖြစ်ပါတယ်။ Toll Gate ကို မြို့အဝင်/အထွက်နေရာတွင်ထားရှိရမည်ဟုသာ သိရှိရပါသည်။ လက်ရှိအခြေအနေတွင် မော်လမြိုင်မြို့နယ် နယ်နိမိတ်အတွင်း၌ သွားလာနေသောသူများပင် Toll Gate ကိုဖြတ်ကျော်ပါက မြို့ဝင်ကြေးပေးဆောင်နေရသဖြင့် နည်းပညာတက္ကသိုလ်ကျောင်းသူ/ကျောင်းသားများသည်လည်း မော်လမြိုင်မြို့သို့ မြို့တွင်းပင်ဖြစ်သော်လည်း မြို့ဝင်ကြေးပေးဆောင်နေရခြင်း၊ ပြည်သူပြည်သားများ မကျေနပ်မှုများ၊ အငြင်းပွားမှုများ

နေ့စဉ်လိုပင် ကြားသိနေရပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်၍ မိမိမှမွန်ပြည်နယ်အစိုးရအဖွဲ့သို့ Toll Gate နေရာပြောင်းရွှေ့ပေးရန် တင်ပြခဲ့ဖူးပါသည်။ သို့သော်လည်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ ၂၆-၁၂-၂၀၁၃ ရက်စွဲပါစာဖြင့် ယခုထားရှိသော Toll Gateသည် လမ်းကျယ်သည့်နေရာကို အသုံးပြုရသဖြင့်အဆိုပါနေရာမှ ပြောင်းရွှေ့ရန်မဖြစ်နိုင်ကြောင်းဖြင့်ပြန်ကြားခဲ့ပါတယ်။ သို့သော်လည်း အဆိုပါ Toll Gate ငွေကောက်ခံမှုနှင့်ပတ်သက်၍ ယာဉ်ကြောအနေအထားအရလည်းကောင်း၊ ပြည်သူများ ကျေနပ်မှုမရှိခြင်း၊ အထွေထွေပြဿနာများ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သိရှိရပါတယ်။ ထို့ပြင် မော်လမြိုင်-မုဒုံလမ်းမကြီးပေါ်ရှိ မော်လမြိုင်မြို့ဝင် ဆိုင်းဘုတ်ရှိသောနေရာသည် ယခုပြုလုပ်ထားသော Toll Gate အကျယ်အဝန်းလောက်ပင်ရှိ၍ ယင်းနေရာသို့ ပြောင်းရွှေ့စေလိုကြောင်း ပြည်သူများက တင်ပြကြပါတယ်။ သို့ပါ၍ အောက်ပါမေးခွန်းကိုဖြေကြားပေးပါရန် မေးမြန်းရခြင်း ဖြစ်ပါတယ်။ မော်လမြိုင်မြို့ Toll Gate သည် မြို့နယ် နယ်နိမိတ်မှ မြို့တွင်းသို့ နှစ်မိုင်အတွင်းထားရှိခြင်းမှ မြို့၏ဝင်ထွက်သည့် မော်လမြိုင်-မုဒုံလမ်းမကြီးရှိ မြို့အဝင်ဆိုင်းဘုတ်ရှိရာနေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိ ဖြေကြားပေးပါရန် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်မှ ပင်ဆက်လက်ပြီးတော့ မော်လမြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ရန်ကုန်-မြိတ်လမ်း၊ မော်လမြိုင်- မုဒုံ- သံဖြူဇရပ်လမ်းပိုင်း ဈေးကြိုမိုင်တိုင် ၂ မိုင် ၆ ဖာလုံ မှ သံဖြူဇရပ်မိုင်တိုင် ၃၉ မိုင် ၆ ဖာလုံအထိ ၃၇ မိုင်တွင် အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ဟာ လမ်းအသုံးပြုခ ကောက်ခံခွင့်အား B.O.T စနစ်နဲ့ ၎င်းလမ်းပိုင်းပေါ်ရှိ မိုင်တိုင် ၇ မိုင် ၄ ဖာလုံမှ မိုင်တိုင် ၇ မိုင် ၅ ဖာလုံအကြား သံဖြူဇရပ်မိုင်တိုင် ၃၇ မိုင် ၅ ဖာလုံနှင့် မိုင်တိုင် ၃၇ မိုင် ၆ ဖာလုံအကြား Toll Gate နှင့် ကတ္တားဆောက်လုပ်၍ လမ်းအားရေရှည် အသုံးပြုနိုင်ရေးနှင့် တန်ပိုတားဆီးရေးအတွက် ဆောင်ရွက်ကောက်ခံလျက်ရှိပါတယ်။ အဆိုပါ မိုင်တိုင် ၇ မိုင် ၄ ဖာလုံနဲ့ မိုင်တိုင် ၇ မိုင် ၅ ဖာလုံအကြား တည်ဆောက်ထားတဲ့ Toll Gate ဟာ ၂-၆-၂၀၁၄ ရက်နေ့တွင်

ကျင်းပပြုလုပ်သော မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၄) ဆုံးဖြတ်ချက် အပိုဒ် ၃ အရ ပြည်သူလူထု၏ဆန္ဒနှင့်အညီ မော်လမြိုင်မြို့ဝင်နေရာ မိုင်တိုင် ၁၀ မိုင် ဝ ဖာလုံမှ မိုင်တိုင် ၁၀ မိုင် ၁ ဖာလုံကြားနေရာသို့ စနစ်တကျရွှေ့ပြောင်းရန် အတည်ပြုဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ Toll Gate တည်ဆောက်မည့်နေရာအား မြေပြုပြင်ခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းများ စတင်လုပ်ဆောင်ပြီးနောက် ကတ္တားပြောင်းရွှေ့ခြင်းနှင့် အဆောက်အဦပြောင်းရွှေ့ ဆောက်လုပ်ခြင်းများအား ဆက်လက်ဆောင်ရွက်သွားရန် အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီ လိမိတက်သို့ အကြောင်းကြားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ရှိပါတယ်။

**ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလတွင်ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာ့အကျဉ်းထောင်များအက်ဥပဒေကို ပြင်ဆင်ရေးဆွဲ၍တင်ပြရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့မြန်မာနိုင်ငံမှာ ကိုလိုနီခေတ်ကအကျဉ်းထောင် ၂၇ ခုရှိပါတယ်။ လွတ်လပ်ရေးရတဲ့ခေတ်ပေါ့။ ကျွန်တော့်ဆီမှာရတဲ့အထောက်အထားအရတော့ ယနေ့ အကျဉ်းထောင် ၃၄ ခုရှိပါတယ်။ ဒီအကျဉ်းထောင်တွေကို ဘယ်လိုဥပဒေတွေနဲ့ မောင်းနှင်သလဲဆို တဲ့အခါကျတော့ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်များအက်ဥပဒေ မြန်မာနိုင်ငံဥပဒေအမှတ် (၉)၊ နောက်တစ်ခုကတော့ ၁၉၀၀ ပြည့်နှစ်၊ အကျဉ်းသားများအက်ဥပဒေ မြန်မာနိုင်ငံဥပဒေအမှတ် (၃)၊ နောက်ဥပဒေတစ်ခုကတော့ ၁၉၂၀ ခုနှစ်၊ အကျဉ်းသားများစိစစ်မှတ်ပုံတင်ခြင်းဥပဒေ မြန်မာနိုင်ငံ ဥပဒေအမှတ် (၃၃) တို့ဖြင့် ဥပဒေသုံးရပ်ပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်ပါတယ်။ အဲ့ဒီအပြင် ၁၉၃၇ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရရဲ့အမိန့်ဖြင့် အကျဉ်းထောင်လက်စွဲဥပဒေကိုလည်း ထုတ်ပြန်ပြီးတော့ အကျဉ်းထောင်ကိစ္စများကို စီမံခန့်ခွဲခဲ့ပါတယ်။ သို့သော် ဒီနေ့ မြန်မာနိုင်ငံ အကျဉ်းထောင်နဲ့ပတ်သက်ပြီး အကျဉ်းသားတွေရဲ့လူအဖြစ်တည်ရှိမှုကို စိန်ခေါ်နေတဲ့အချက်များနဲ့ပတ်သက်ပြီး လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံဝန်ကြီးချုပ်ဖြင့် တာဝန်ယူခဲ့တဲ့ သခင်နု၊ ဦးနုသည် ရက်စက်ပါပေ့ကွယ်ဆိုတဲ့ အင်မတန်မှ ရင်နာစရာကောင်းတဲ့ဖြစ်ရပ်တွေကို စာနဲ့ပေနဲ့ မှတ်တမ်းတင်ခဲ့ပါတယ်။ ဒီဘက်ခေတ်မှာလည်း ဟံသာဝတီ ဦးဝင်းတင် သတင်းစာဆရာကြီးက ဘာလဲဟဲ့လူ့ငရဲဆိုပြီးတော့ စာနဲ့မှတ်တမ်းတင်ခဲ့ ပါတယ်။ ဒီလိုပဲ တိုင်းပြည်က ချစ်ခင်လေးစားရတဲ့ အနုပညာသည်ကြီး ကိုဇာဂနာကလည်း ဒုတိယ

ဇာဂနာဆိုပြီးတော့ အကျဉ်းထောင်ရဲ့အခြေအနေကို ရေးသားခဲ့ပါတယ်။ လေးစားရသောဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေ့အကျဉ်းထောင်နဲ့ပတ်သက်ပြီးတော့ ဒီတကယ်ဖျက်သိမ်းရမယ့်ဟာက အကျဉ်းသားတွေကို ပုံစံထိုင်ခိုင်းတဲ့ကိစ္စပါ။ သို့သော် တကယ်ဖျက်သိမ်းသွားတာက နိုင်ငံရေးအရ၊ ပညာအရည်အချင်းအရ၊ ဂုဏ်သိက္ခာရှိတဲ့လူတွေကိုထားတဲ့ B Class လိုဟာမျိုး၊ A Class လိုဟာမျိုး၊ B Class ကို ဖျက်သိမ်းခဲ့တယ်။ ဒီဖျက်သိမ်းခဲ့တဲ့အကျိုးဆက်တွေက ဒီနေ့ သံဃာတွေကို သင်္ကန်းချွတ်တဲ့ကိစ္စမှာ B Class သာရှိရင်၊ သင်္ကန်းချွတ်စရာမလိုတော့ဘူး။ သံဃာတော်တွေရဲ့ ဂုဏ်သိက္ခာကိုမထိခိုက်ဘဲနဲ့ အကျဉ်းထောင်ထဲမှာ အကျဉ်းချထားလို့ရတယ်ဆိုတာ ဥပဒေပြဋ္ဌာန်းချက်မှာပါပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မြန်မာ့အကျဉ်းထောင်များအက်ဥပဒေ ပြင်ဆင်ရေးဆွဲပြီး တင်ပြရန်အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွင်းတင်ပြရန် ဆောင်ရွက်ပေးနိုင်မည်ပါလား။ အစီအစဉ်မရှိပါက The Prisons Act;1894 အကျဉ်းထောင်လက်စွဲဥပဒေတွင် ပြစ်ဒဏ်ကျအကျဉ်းသားများအား A၊ B၊ C အတန်းအစား သုံးမျိုးခွဲခြားပြီး ခေတ်ကာလသတ်မှတ်ချက်နဲ့အညီ အစားအသောက်၊ အနေအထိုင်၊ ဆေးဝါးကုသမှုကို အကျဉ်းသားများ၏ နိုင်ငံရေးနှင့်လူမှုအဆင့်အတန်းအရ ပြန်လည်သတ်မှတ်ပေးနိုင်မည်လား။ ယင်းသို့ သတ်မှတ်နိုင်ရန်အတွက် အတန်းအစားခွဲခြားမှုကို ဖျက်သိမ်းခဲ့သော ၁၄-၁-၁၉၆၄ အမိန့်ကြော်ငြာစာအမှတ် (၂) ကို ပြန်လည်ရုပ်သိမ်းနိုင်ပါမည်လားဆိုတဲ့မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့အဆိုနဲ့ စပ်လျဉ်းလို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့အကျဉ်းထောင်ဥပဒေ ၂၀၀၆ မူကြမ်းကို ဥပဒေအဆင့်ဆင့်ကို ပြင်ဆင်ရေးဆွဲထားပြီးတော့ လွှတ်တော်သို့ တင်ပြဖို့အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်း

ဖြေကြားခဲ့ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီး ဌာနလက်အောက်မှာရှိတဲ့ အကျဉ်းဦးစီးဌာနအနေနဲ့ ပြစ်ဒဏ်ကျအကျဉ်းသားတွေကို လုံခြုံစွာထိန်း သိမ်းရေး၊ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လေ့ကျင့်သင်ကြားပေး ရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် မည်သည့်အခြေအနေ၊ မည်သည့်အကြောင်းများကြောင့်ဖြစ်စေ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်တဲ့အတွက် အကျဉ်းထောင်သို့ ရောက်ရှိလာတဲ့ ပြစ်ဒဏ်ကျအကျဉ်းသားများကို နောင်တစ်ကြိမ်ပြစ်မှုများ ထပ်မံမကျူးလွန်မိစေရန်နဲ့ ဆင်ခြင်နိုင်ရေး စိတ်ပိုင်းဆိုင်ရာ နူးညံ့ပျော့ပျောင်းလာစေရန် တရားစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ အကျဉ်းထောင်မှ လွတ်မြောက်သွားတဲ့အခါ မိမိလူမှုဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေး ဝမ်းကြောင်းပညာရပ်များ လေ့ကျင့်သင်ကြားပေးခြင်း၊ အကျဉ်းထောင်အတွင်းမှာ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ ထားရှိပေးခြင်းတို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရာမှာ ပူးပေါင်းပါဝင်လာမယ့် နိုင်ငံသားများဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဖွံ့ဖြိုးတိုးတက်လာတဲ့မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးစနစ်များနှင့်အညီ အကျဉ်း ဦးစီးဌာနကို Prison Department မှ Correctional Department အဖြစ်သို့ ၂၀၀၄ ခုနှစ်မှစပြီး အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိကျင့်သုံးလျက်ရှိတဲ့ အကျဉ်းထောင်များဥပဒေနဲ့ အကျဉ်းထောင်များနည်းဥပဒေဟာ ၁၈၉၄ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများဖြစ်လို့ ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုမရှိတော့တဲ့အတွက် အကျဉ်းထောင်ဥပဒေ(မူကြမ်း)ကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ ဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းပြီးတော့မှ လက်ရှိကျင့်သုံးလျက်ရှိတဲ့ ဥပဒေလေးခုကို ပေါင်းစပ်ပြီးတော့ အကျဉ်းထောင်များဥပဒေကို ပြန်လည် ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။

ဒီဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီကနေပြီးတော့ မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ ဥပဒေ ကျွမ်းကျင်သူ အကြံပြုချက်များ၊ ILO ၊ UNODC ၊ OHCHR စတဲ့နိုင်ငံတကာအဖွဲ့အစည်းများနဲ့ တွေ့ဆုံပြီး ဒီအဖွဲ့အစည်းများရဲ့ အကြံပြုချက်များနှင့်အတူ အကျဉ်းသားများကို ထိန်းသိမ်းထားရှိရန် စံပြုအနိမ့်ဆုံးအဆင့် သတ်မှတ်ထားတဲ့ အခြေခံစည်းမျဉ်းများနဲ့ အကျဉ်းထောင်များဥပဒေ(မူကြမ်း)ကို

ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ အကျဉ်းထောင်များဥပဒေ(မူကြမ်း)ကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ တပ်ဖွဲ့၊ ဦးစီးဌာနများက ဥပဒေကျွမ်းကျင်သူများရဲ့ အကြံပြုချက်များနဲ့ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို အကြိမ်ကြိမ်ရေးဆွဲဆောင်ရွက်ခဲ့ပြီး အကျဉ်းထောင်များဥပဒေ (တတိယမူကြမ်း)ကို ပြည့်စုံမှန်ကန်စေရန်၊ အခြားတည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေရှိစေရန်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန်တို့အတွက် ဥပဒေကြောင်းအရ စိစစ်အကြံပြုချက်များ ပေးနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၂၀၁၄ ခုနှစ်၊ မတ်လ(၁၅)ရက်နေ့မှာ ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံထားရှိပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထားမှတ်ချက်ရရှိပါက အနီးကပ်ဆုံးကျင်းပတဲ့ လွှတ်တော်အစည်းအဝေးများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြနိုင်ရေးအတွက် စီစဉ်ထားရှိပြီးဖြစ်ပါတယ်။

The Prisons Act(1894) အကျဉ်းထောင်လက်စွဲဥပဒေမှာ ပြစ်ဒဏ်ကျအကျဉ်းသားတွေကို A၊ B၊ C အတန်းအစားသုံးမျိုးခွဲခြားထားခြင်းနှင့်စပ်လျဉ်းလို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီအစိုးရ တရားရေးဌာနက ၁၉၆၄ ခုနှစ်၊ဇန်နဝါရီလ ၁၅ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂)နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အကျဉ်းထောင်များမှ ရာဇဝတ်အကျဉ်းသားများဖြစ်စေ၊ တရားမအကျဉ်းသားများဖြစ်စေ၊ တစ်တန်းတစ်စားတည်းဖြစ်ရမယ်လို့ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အကျဉ်းထောင်များမှာ အချုပ်ကျနေတဲ့ တရားခံများ၊ ထောင်ကျခံနေရတဲ့ အကျဉ်းသားများ၊ တရားမမှုများနှင့် ပတ်သက်လို့ ထောင်ကျနေတဲ့ တရားမအကျဉ်းသားဆိုပြီး အသီးသီးရှိခဲ့ရာမှာ ရိုးရိုးအတန်းအစားနှင့် အထူးအတန်းအစားဆိုပြီးခွဲခြားထားတာက မသင့်လျော်တဲ့အတွက်အကျဉ်းသားများ အတန်းအစားမခွဲခြားတော့ဘဲ တစ်တန်းတစ်စားတည်းထားရှိရန် အမိန့်ထုတ်ပြန်ခဲ့ရခြင်းဖြစ်ပါတယ်။

ကိုလိုနီခေတ်က ရေးဆွဲပြဋ္ဌာန်းထားတဲ့ အကျဉ်းထောင်လက်စွဲဥပဒေမှာ အကျဉ်းသားများကို အတန်းအစားခွဲခြားတဲ့အတွက် အကျဉ်းထောင်ရဲ့လုံခြုံရေးကို ထိခိုက်စေတဲ့အပြင် လူ့အတန်းအစား ခွဲခြားရာရောက်ကြောင်း မလျော်ညီဇာအသုံးချပြီး စည်းရုံးလှုံ့ဆော်မှုများကြောင့် အုပ်ချုပ်သူဝန်ထမ်းများအပေါ် လေးစားမှုလျော့နည်းလာပြီး အုပ်ချုပ်သူလူတန်းစားများကို မထီမဲ့မြင်ဆက်ဆံမှုများ ရှိလာခြင်းတို့ကြောင့် A၊ B၊ C အတန်းသုံးမျိုးခွဲခြားထားခြင်းကို ဖျက်သိမ်းပြီး အကျဉ်းသားများကို တစ်တန်းတစ်စားတည်းဖြစ်စေရန် သတ်မှတ်အမိန့်ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ လက်ရှိအကျဉ်းထောင်များမှာ Correctional အဖြစ်သို့ အသွင်ကူးပြောင်းရာမှာ တရားစခန်းများဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊

အသက်မွေးဝမ်းကြောင်းပညာရပ်များ လေ့ကျင့်သင်ကြားပေးခြင်း၊ စည်းကမ်းလိုက်နာရန် လေ့ကျင့် သင်ကြားပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် လူကောင်းသူကောင်းများ ဖြစ်လာမှာဖြစ်ပါတယ်။ အကျဉ်းသားများနေထိုင်ရေးအတွက် လေဝင်လေထွက်နဲ့ သဘာဝအလင်းရောင်ရရှိရန် အိပ်ဆောင် များဆောက်လုပ်ပေးခြင်း၊ ဘဏ္ဍာရေးနှစ်အလိုက် ရိက္ခာနှုန်းထားများ ဈေးနှုန်းတိုးမြှင့်သတ်မှတ် ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်၊ ဆေးမှူးနဲ့ ကျန်းမာရေးဝန်ထမ်းများခန့်ပြီး လိုအပ်တဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ICRC ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ရေသန့်၊ မိလ္လာ၊ လျှပ်စစ်မီးစသည်တို့ကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ပေးခြင်း၊ အကျဉ်းထောင်/စခန်းများမှာ သောက်ရေသန့်ရရှိရန် ရေသန့်စက်ရုံများကို ဌာနအစီအစဉ်ဖြင့်လည်း ကောင်း၊ အလှူရှင်များရဲ့ အကူအညီဖြင့်လည်းကောင်း တည်ဆောက်ပေးခြင်း၊ ပညာတစ်ပိုင်းတစ်စ ဖြစ်နေတဲ့ လူငယ်အကျဉ်းသားများကို မူလတန်းပညာ၊ အလယ်တန်းပညာနဲ့ အထက်တန်းပညာ ဆက်လက်သင်ကြားပေးခြင်းများစသည်ဖြင့် တန်းတူအခွင့်အရေးများကို ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိပါတယ်။ အဲ့ဒီလို တန်းတူအခွင့်အရေးများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တဲ့အတွက် ၂၀၁၃- ၂၀၁၄ ပညာသင်နှစ်မှာ အင်းစိန်အကျဉ်းထောင်က လူငယ်အကျဉ်းသားနှစ်ဦး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့တာကိုလည်း အားလုံးကြားသိပြီးဖြစ်မှာ ဖြစ်ပါတယ်။

ကိုလိုနီခေတ်က ရေးဆွဲခဲ့တဲ့ The Prisons Act(1894) အကျဉ်းထောင်လက်စွဲဥပဒေအပါ အဝင် အကျဉ်းထောင်ဥပဒေများက လက်ရှိခေတ်စနစ်နဲ့လျော်ညီမှုမရှိတော့တဲ့အတွက် အကျဉ်း ထောင်များဥပဒေ(မူကြမ်း) အတည်ပြုနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိ ပါတယ်။ အဆိုပါ The Prisons Act(1894) အကျဉ်းထောင်လက်စွဲဥပဒေအရ ပြစ်ဒဏ်ကျ အကျဉ်းသားများကို A၊ B၊ C အတန်းအစားသုံးမျိုး ခွဲခြားထားရှိပြီး ပြန်လည်သတ်မှတ်ပေးရန်မှာ ကိုလိုနီစနစ်ရဲ့ လူတန်းစားခွဲခြားမှု အမွေဆိုးကို ဆက်လက်ခံစားစေနိုင်ခြင်းဖြစ်တဲ့အတွက် လက်ရှိ ဒီမိုကရေစီအခြေအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ သို့ဖြစ်ရာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ အကျဉ်းဦးစီးဌာနအနေနဲ့ မည်သည့်အခြေ အနေအကြောင်းများကြောင့် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်တဲ့အတွက် အကျဉ်းထောင် များမှာ ထိန်းသိမ်းထားရှိတဲ့ မည်သည့်အကျဉ်းသားကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ တန်းတူအခွင့်အရေးရရှိစေရန်အလို့ငှာ တစ်တန်းတစ်စားတည်း ဆက်လက်ထားရှိသွားမှာဖြစ်ကြောင်း နှင့် ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် ရက်စွဲနဲ့ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ် (၂ )ကို

ပြန်လည်ရုတ်သိမ်းရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)အရ ရှင်းလင်းတဲ့မေးခွန်း မေးခွင့်ပြုပါ။ အရင်ဆုံး ပြည်ထဲရေး ဒုတိယဝန်ကြီးဖြေတဲ့အထဲမှာ အနီးကပ်ဆုံး လွှတ်တော်မှာတင်ပြနိုင်ဖို့ကြိုးစားနေတယ်ဆိုတာကို ကြိုဆိုပါတယ်။ ၂၀၀၆ ခုနှစ်ကဆွဲတဲ့ အကျဉ်းထောင်ဥပဒေဟာ အခုအချိန် ၂၀၁၄ ထိ လွှတ်တော်ထဲရောက်မလာတော့ ကျွန်တော်ထင်တယ် မြန်မာပြည်မှာ ၁၀ နှစ်လောက်ကြာခဲ့ပြီဖြစ်ပါတယ်။ နောက်လွှတ်တော်မှာ ဒုတိယအကြိမ် အဆိုတင်သွင်းတုန်းကလည်း မကြာခင်ဒီဥပဒေကြမ်းကို တင်ပါမယ်လို့ ပြောပါတယ်။ အဲ့ဒါကြောင့် ကျွန်တော့်မေးခွန်းက ရိုးရိုးလေးပါပဲ။ ကျွန်တော် အချိန်တောင်မကန့်သတ်ပါဘူး။ ဖြစ်နိုင်ရင် ဒီပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းအတွင်းမှာကို အကျဉ်းထောင်ဥပဒေကို တင်နိုင်ပါမည်လား။ ဒါအရေးကြီးဆုံး ကျွန်တော် မေးတာပါ။ မတင်နိုင်ဘူး။ ရှေ့နေချုပ်ရုံးပို့လို့ကြာနေတယ်ဆိုရင်လည်း မတင်နိုင်ဘူးဆိုရင်လည်း ကျွန်တော်တို့နည်းလမ်းရှာရမှာပါ။ နောက်ဒုတိယမေးခွန်းက B Class ထားခြင်းဟာ အကျဉ်းထောင်မှာစိတ်ဝမ်းကွဲတဲ့ ကိုလိုနီအမွေဆိုးဆိုတာနဲ့ ပတ်သက်ပြီး B Class ထားခဲ့လို့ မြန်မာနိုင်ငံလွတ်လပ်ရေးကိုဆောင်ရွက်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားတွေဟာ အကျဉ်းထောင်ကနေနိုင်ငံရေးတက္ကသိုလ်အဖြစ် ပြုစုပျိုးထောင်ပြီးတော့ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးတိုက်ပွဲမှာ အဓိကထမ်းဆောင်ခဲ့တဲ့ ခေါင်းဆောင်တွေ ပေါ်ပေါက်လာတယ်ဆိုတာ သမိုင်းဖြစ်ရပ်ဖြစ်တဲ့အတွက် ဒီကာလတုန်းက အလုပ်သမား၊ လယ်သမား၊ ဘာညာတစ်တန်းတစ်စားတည်းထားမယ်ဆိုပြီး ဆိုရှယ်လစ်ခေတ်ကဖျက်သိမ်းခဲ့တာကို အခုဒီမိုကရေစီခေတ်မှာ ဆက်လက်ပြီးတော့ ဒီအတိုင်းရပ်တည်တယ်ဆိုရင်ဒီရပ်တည်မှုနှင့် ပတ်သက်ပြီးတော့ ပြန်လည်ပြုပြင်ရန် အစီအစဉ်ကို ထည့်သွင်းစဉ်းစားပေးဖို့အစီအစဉ်ရှိ/မရှိကို ကျွန်တော်ထပ်ဆင့်မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အကျဉ်းထောင်များ ဥပဒေကိုပြင်ဆင်တဲ့ဥပဒေမူကြမ်းနဲ့ပတ်သက်ပြီးတော့မှ ၄-၈-၂၀၁၁ ရက်နေ့မှာ ဦးသိန်းညွန့်ကနေပြီးတော့ လွှတ်တော်မှာပထမဦးဆုံး မေးခွန်းမေးခဲ့တာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့စပ်လျဉ်းပြီးတော့လည်း ဖြေကြားချက်ကို အစောပိုင်းမှာ ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာ ဆောင်ရွက်မှုတွေအနေနဲ့ ၂၄-၁၀-၂၀၁၁ရက်နေ့ကနေစပြီးတော့

ဥပဒေမူကြမ်းပြုစုရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးတော့မှ အဆင့်ဆင့်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အချို့အကျဉ်းတင်ပြရလို့ရှိရင် ရန်ကုန်မြို့ ပြည်ထဲရေးဝန်ကြီးဌာနရုံးဟောင်းမှာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဦးမြင့်သိန်း ဦးဆောင်ပြီးတော့မှ ILO အဖွဲ့နှင့်တွေ့ဆုံပြီးတော့မှ ဒီအဖွဲ့က အကြံပြုချက်တွေ ရယူခဲ့တာဖြစ်ပါတယ်။ ဒီသဘောထားတွေကိုလည်း ပြုစုပြီးတော့မှ မူကြမ်းကို ကျွန်တော်တို့ရှေ့နေချုပ်ရုံး တင်ပြခဲ့ပါတယ်။ ထပ်ပြီးတော့မှ ၆-၈-၂၀၁၂ ရက်နေ့မှ လည်း OHCHR နဲ့ UNODC တို့ရဲ့ အကြံပြုချက်တွေကို ရယူခဲ့ပြီးတော့မှ ဥပဒေမူကြမ်းမှာ ထပ်မံဖြည့်စွက်ပြီးတော့မှ ထပ်ပြီးတော့တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေမူကြမ်းနှင့်ပတ်သက်ပြီးတော့လည်း ပြည်ထောင်စုဝန်ကြီး အနေနဲ့လည်း ငါးကြိမ်တိုင်တိုင် ဒီဥပဒေမူကြမ်းတွေကို စိစစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အခု နောက်ဆုံး ၁၅-၃-၂၀၁၄ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို သဘောထားမှတ်ချက်တောင်း ခံဖို့အတွက်ပေးပို့ထားပြီးဖြစ်ပါတယ်။ ဥပဒေပြုစုရေးနဲ့ပတ်သက်ပြီးတော့မှ အကြိမ်ကြိမ်ခဏခဏ ပြင်ဆင်ခြင်းမပြုရအောင် ထုတ်ပြန်ထားတဲ့ဥပဒေတွေအနေနဲ့ ပြည့်စုံမှန်ကန်အောင် ဒီဥပဒေအနေ နဲ့လည်း ဒါအရေးကြီးတဲ့ဥပဒေဖြစ်တဲ့အတွက် အချိန်ယူပြီးတော့မှ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဥပဒေ ပညာရှင်တွေနဲ့ရော၊ နိုင်ငံတကာမှာရှိတဲ့ဥပဒေပညာရှင်တွေနဲ့ရော တိုင်ပင်ပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဥပဒေတစ်ခုဘယ်အချိန်မှာ ပြီးမယ်ဆိုတာတော့ ဒါကန့်သတ်လို့ မရတဲ့အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှေ့နေချုပ်ရုံးကနေပြီးတော့မှ အကြောင်းပြန်ကြားချက်ရလို့ရှိရင် အမြန်ဆုံး၊ အနီးဆုံးလွှတ်တော်မှာ တင်ပေးမှာဖြစ်ပါတယ်။ ရှေ့နေချုပ်ရုံးကိုလည်း ကျွန်တော် စောစောကတင်ပြခဲ့တဲ့ ၁၅-၃-၂၀၁၄ ရက်နေ့မှာ ဒီပေးပို့ထားပြီးဖြစ်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ B Class ထားဖို့ကိစ္စဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း (၈) မှာ နိုင်ငံသား၊ နိုင်ငံသားများနဲ့ မူလအခွင့်အရေးတာဝန်များ ပြဋ္ဌာန်းချက် ပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူပိုင်ခွင့်ပေးရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၄၈ မှာ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရလို့ ပြဋ္ဌာန်းထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီ A၊ B၊ C Class ခွဲခြားခြင်းနဲ့ ပတ်သက်ပြီးတော့မှ ပြန်လည်ပြင်ဆင်မှာမဟုတ်ကြောင်း ထပ်မံရှင်းလင်း တင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီးခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**အိမ်ခြံမြေတိုင်းတာခြင်း၊ ပုံစံ(၁၀၅)(၁၀၆) များထုတ်ခြင်း၊ အိမ်ဂရန်ဆောင်ရွက်ခြင်းနှင့် အခွန်ငွေပေးဆောင်ခြင်းလုပ်ငန်းများအတွက် ကုန်ကျစရိတ်၊ ကြာမြင့်ချိန်နှင့် လိုအပ်သော အချက်အလက်များကို ပြည်သူများ သိရှိနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ လှိုင်ကော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ လှိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် အိမ်ခြံမြေတိုင်းတာခြင်း၊ ပုံစံ(၁၀၅)၊(၁၀၆) များထုတ်ခြင်း၊ အိမ်ဂရန်အတွက်ဆောင်ရွက်ခြင်း၊ အခွန်ငွေပေးဆောင်ခြင်းလုပ်ငန်းများအတွက် ကုန်ကျမည့်စရိတ်များ၊ ကြာမြင့်မည့်အချိန်ကာလများ၊ လိုအပ်သောအချက်အလက်များကို အများပြည်သူသိရှိနိုင်သည့်

ပွင့်လင်းမြင်သာသောနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ မည်ကဲ့သို့သော အစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြချက်များဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရပ်နားချိန်ပြည်သူများနှင့် ရပ်ကွက်/ကျေးရွာအလိုက် ကွင်းဆင်းပြီး လွှတ်တော်ရဲ့အတွေ့အကြုံများကို ရှင်းလင်းကြရပါတယ်။ ရှင်းလင်းပွဲများတွင် သိလိုသောအချက်အလက်များ၊ ပြည်သူတို့၏ရင်တွင်းခံစားချက်များ၊ အခက်အခဲများ၊ ကြုံတွေ့ရင်ဆိုင်နေရသော အချက်အလက်များ တင်ပြကြရာတွင် ယခုမေးမြန်းထားသော မေးခွန်းပါအချက်အလက်များသည် ပြည်သူတို့၏အသံပင်ဖြစ်ပါသည်။ သို့အတွက်ကြောင့်လည်း နိုင်ငံတစ်ဝှမ်းတွင် ခံစားနေကြရလိမ့်မည်ဟု ယူဆမိတဲ့အတွက် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများနေထိုင်ကြသော အိမ်ခြံမြေပိုင်ဆိုင်မှုများသည် နိုင်ငံတော်၏ ချမှတ်ထားသော ဥပဒေများနှင့်အညီ နေထိုင်ကြရပါသည်။ ထိုကဲ့သို့ဥပဒေများနှင့်အညီ လုပ်ဆောင်နိုင်ရန်အတွက် မြို့နယ်အသီးသီးရှိ တာဝန်ရှိရုံးများအနေဖြင့်လည်း ပြည်သူများ၏ စိတ်ချမ်းမြေ့စွာ လျှင်မြန်လွယ်ကူပြီး လုပ်ဆောင်နိုင်ရန်အတွက် မြေတိုင်းထွာခြင်း၊ ပုံစံ(၁၀၅)၊ (၁၀၆) ထုတ်ခြင်း၊ အိမ်ဂရန်ပြုလုပ်ခြင်း၊ ကုန်ကျမည့်စရိတ်အခွန်ငွေများနှင့် အချိန်ကာလများကို တိကျမှန်ကန်ခြင်း၊ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသော အခွန်ငွေအပြည့်အဝရရှိစေရေး၊ ပြည်သူများဝန်ထုတ်ဝန်ပိုးမဖြစ်စေရေးတို့ကို ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဆောင်ရွက်တဲ့အခါမှာလည်း အမှန်တကယ် ကုန်ကျမည့်စရိတ်ကိုသာ တောင်းခံခြင်းနှင့် ဥပဒေပါပြဋ္ဌာန်းချက်အတိုင်းသာ ဆောင်ရွက်ပေးစေလိုကြောင်း၊ သက်ဆိုင်ရာရုံးများတွင်လည်း အမှန်တကယ်ဆောင်ရွက်ရမယ့် အချက်အလက်များ၊ အမှန်ကုန်ကျမည့် အခွန်ငွေများ၊ စရိတ်ဝန်ဆောင်ခများကို ပွင့်လင်းမြင်သာသော ခေတ်စနစ်တွင် ပွင့်ပွင့်လင်းလင်းဖြစ်စေရန် ရုံး၏ကြော်ငြာဘုတ်တွင် ကပ်ထားပေးခြင်း၊ ပွင့်လင်းမြင်သာသောဆောင်ရွက်ခြင်းများကို သာဆောင်ရွက်ပေးပါက ပြည်သူများအသံထွက်လာမည်မဟုတ်ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။

ဥပမာ- ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များသည် စာအုပ်ဖိုင်များတွင်သာ ထားရှိပြီး လက်တွေ့ဆောင်ရွက်နေကြရာတွင် အခက်အခဲများ ရင်ဆိုင်နေရကြောင်း၊ အချိန်ကြန့်ကြာကြောင်း၊ ဆောင်ရွက်ရာတွင်လည်း ပါးစပ်ဖြင့် တောင်းဆိုမှုသည် ဥပဒေဖြစ်နေကြောင်း၊ ပြည်သူများမှ ပါးစပ်မှ တောင်းဆိုမှုသည် နိုင်ငံတော်ဘတ်ဂျက်သို့ ရောက်မှရောက်ပါ့မလားဆိုတဲ့ ယုံကြည်မှုကင်းမဲ့လာ

ကြောင်း၊ တာဝန်ရှိရုံးများမှ လုပ်ဆောင်မှုလွဲမှားခြင်းကြောင့်လည်းကောင်း၊ လျော့ရဲမှုကြောင့်လည်း ကောင်း၊ ပေါ့ဆမှုကြောင့်လည်းကောင်း နိုင်ငံတော်အစိုးရအပေါ်တွင် မှန်ကန်မှုအား၊ ယုံကြည်မှုအား များလျော့ပါးရခြင်းဖြစ်တယ်လို့ ယူဆမိပါတယ်။

ထို့အတွက်ကြောင့် ဒီမိုကရေစီစနစ်သို့ ချီတက်နေတဲ့ ကျွန်တော်တို့ နိုင်ငံတော်တွင် တိုင်းဒေသ ကြီး၊ ပြည်နယ်များ၊ မြို့ရွာများအထိ ဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်နိုင်ရန်၊ ပွင့်လင်းမြင်သာစေရန်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို စာအုပ်ထဲတွင်၊ ဖိုင်ထဲတွင်ထားပြီး လုပ်ဆောင်တတ် သည့်စနစ်ဆိုး၊ ဥာဉ်ဆိုးများပပျောက်အောင် ပွင့်လင်းမြင်သာသော နည်းလမ်းများဖြင့် ကြော်ငြာခြင်း၊ ပြည်သူများကို ဟောပြောပညာပေးခြင်းစတဲ့ နည်းလမ်းများကို ဌာနဆိုင်ရာဝန်ထမ်းများအား လွယ်ကူ မြန်ဆန်မှန်ကန်စွာ ထမ်းဆောင်နိုင်ရန် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ အစီအမံများဖြင့် ဆောင်ရွက် လျက်ရှိကြောင်း၊ နောင်ကိုလည်း မည်ကဲ့သို့သော အစီအမံများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ယခု ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို့ရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနအနေနဲ့ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိမြေများမှအပ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေတွေကိုလူနေထိုင်ဖို့၊ အဆောက်အအုံဆောက်လုပ်ဖို့နဲ့ စက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်ဖို့အတွက် လျှောက်ထားမှုများ အပေါ်မှာ နှစ်တို၊ နှစ်ရှည် မြေငှားဂရန်များခွင့်ပြုချထားပေးလျက်ရှိပါတယ်။

မြေငှားဂရန်လျှောက်ထားနိုင်ဖို့အတွက် အိမ်ခြံမြေတိုင်းတာခြင်း၊ မြေစာရင်းပုံစံ(၁၀၅၊၁၀၆) ရေးဆွဲပေးခြင်းတို့ကိုတော့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ဆောင်ရွက်ပေးခြင်းဖြစ်ပြီးတော့မှ မြေစာရင်းပုံစံ(၁၀၅)၊(၁၀၆)အပါအဝင် လိုအပ်သော အချက်အလက် အထောက်အထားတွေနဲ့ သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားရန်ဖြစ်ပါတယ်။ ခရိုင်အထွေထွေ

**မူကြမ်း**

အုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့ အမှုတွဲမှာပါဝင်ရမယ့် အချက်အလက်အထောက်အထားတွေ ပြည့်စုံမယ်ဆိုလို့ရှိရင်တော့ အမှုတွဲဖွင့်လှစ်ပြီးတော့ စိစစ်ဖို့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကိုပေးပို့ပါတယ်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့ မြို့နယ်မြေစာရင်းဦးစီးဌာနကိုလျှောက်ထားတဲ့မြေနှင့်ပတ်သက်လို့ နိုင်ငံတော်အစိုးရက ချထားပိုင်ခွင့်ရှိတဲ့ မြေဟုတ်/မဟုတ်၊ လျှောက်ထားမြေကို နိုင်ငံတော်အစိုးရကအသုံးပြုရန် သတ်မှတ်လျာထားခြင်းရှိ/မရှိ၊ လျှောက်ထားမြေပေါ်မှာ ကျူးကျော်နေထိုင်သူများရှိ/မရှိ၊ လျှောက်ထားမြေကိုဂရန်၊ အငှားဂရန်၊ လိုင်စင် စသည်များထုတ်ပေးခဲ့ခြင်းရှိ/မရှိ၊ လျှောက်ထားမြေကို လျှောက်ထားသူအပြင် အခြားသူများက မြေပုံကူးယူခြင်း၊ လျှောက်ထားခြင်းရှိ/မရှိ၊ လျှောက်ထားမြေပေါ်မှာအဆောက်အအုံများ ဆောက်လုပ်ထားခြင်းရှိ/မရှိ စိစစ်ပေးဖို့နဲ့ လျှောက်ထားမြေအတွက် စည်းကြပ်ဖို့အတွက်မြေငှားခသင့်ငွေကို တွက်ချက်ဖော်ပြပေးရန် အမှုတွဲပေးပို့တာဖြစ်ပါတယ်။ မြို့နယ်မြေစာရင်းဦးစီးဌာနရဲ့ စိစစ်ပြန်ကြားချက်အရ နိုင်ငံတော်အစိုးရက ချထားပိုင်ခွင့်ရှိတဲ့ မြေဖြစ်လို့ရှိရင် မြေငှားဂရန်လျှောက်ထားလာမှုအပေါ်မှာ ကန့်ကွက်လိုသူတွေရှိမယ်ဆိုရင် ၁၅ ရက်အတွင်းကန့်ကွက်နိုင်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးမှ ကန့်ကွက်လွှာခေါ်ယူပါတယ်။ လျှောက်ထားတဲ့မြေကိုမြေငှားဂရန်ချထားပေးရန်သင့်/မသင့် ကွင်းဆင်းစစ်ဆေးကြည့်ရှုခြင်း၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ ထွက်ဆိုချက်၊ လျှောက်ထားတဲ့မြေကွက်ရဲ့ အနီးပတ်ဝန်းကျင်နေထိုင်သူများတွေရဲ့ ထွက်ဆိုချက်ရယူခြင်း၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာနတို့ရဲ့ သဘောထားရယူခြင်း၊ လိုအပ်လို့ရှိရင်တော့ ကျန်းမာရေးဦးစီးဌာနနဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အား လုပ်ငန်းတို့ရဲ့ သဘောထားရယူခြင်း၊ ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာ လျှောက်ထားမြေပေါ်မှာ အဆောက်အအုံများ၊ နေထိုင်သူများတွေ့ရှိလို့ရှိရင် ဒီအဆောက်အအုံပိုင်ဆိုင်သူ၊ နေထိုင်သူများမှ ဂရန်လျှောက်ထားခြင်းမဟုတ်ဘူးဆိုလို့ရှိရင် ကန့်ကွက်ခြင်းရှိ/မရှိ စစ်ဆေးမေးမြန်းခြင်း၊ ကန့်ကွက်သူရှိပါက ကန့်ကွက်သူများကို စစ်ဆေးကြားနာခြင်းတို့ကို ဆောင်ရွက်ပြီးတော့မှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနဲ့ ပြန်လည်တင်ပြရတာဖြစ်ပါတယ်။ တင်ပြလာတဲ့အမှုတွဲကို ခရိုင်အုပ်ချုပ်ရေးမှူးက ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး မြေငှားဂရန် ချထားသင့်ပါက တစ်ဧကအထိကို ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ ငါးဧကအထက်ကို ညွှန်ကြားရေးမှူးချုပ်ရဲ့ ခွင့်ပြုချက်နဲ့လည်းကောင်း၊ နှစ်ဖက်သက်သေတို့ရှေ့မှောက်မှာ မြေငှားစာချုပ်ချုပ်ဆိုပြီး ခွင့်ပြုချထားပေးခြင်းဖြစ်ပါတယ်။ မြေငှားစာချုပ်ဟာပိုင်ဆိုင်ခွင့်များမှာ

အခိုင်မာဆုံးနဲ့ အဓိကအကျဆုံး အထောက်အထားဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြေငှားဂရန်လျှောက်ထားခြင်းအပေါ်မှာ တည်ဆဲမြေယာဥပဒေများနဲ့အညီ အဆင့်ဆင့်စိစစ်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ လျှောက်ထားသည့်မြေအတွက် ပေးဆောင်ရမယ့်နှစ်စဉ်မြေငှားရမ်းခကို တွက်ချက်တဲ့နေရာမှာတော့ လူတွေနေထိုင်ဖို့ အတွက်ဖြစ်မယ်ဆိုလို့ရှိရင် အထက်မြန်မာနိုင်ငံမှာ ၁၈၈၉ ခုနှစ်၊ မြန်မာနိုင်ငံမြေနှင့်အခွန်စည်းမျဉ်းများ ဥပဒေအရပြုလုပ်တဲ့ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ်(၂) အရလည်းကောင်း၊ အောက်မြန်မာနိုင်ငံမှာ ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံမြို့နဲ့ ကျေးရွာမြေများဥပဒေအရပြုလုပ်တဲ့ နည်းဥပဒေ ၁၇ အရလည်းကောင်း၊ စက်မှုလုပ်ငန်းနဲ့စီးပွားရေးလုပ်ငန်းတွေအတွက် ဖြစ်မယ်ဆိုလို့ ရှိရင်တော့ ၁၉၁၃ ခုနှစ်၊ မြို့နှင့်ကျေးရွာမြေများဆိုင်ရာအမိန့်ဆင့်ဆိုချက်၄၅၊ အပိုဒ်ခွဲ(ခခ)အရလည်းကောင်း တွက်ချက်ပြီးတော့ ပေးဆောင်ရမယ့် နှစ်စဉ်မြေငှားရမ်းခများကို မြေငှားဂရန် စာချုပ်မှာဖော်ပြထားရှိပြီးဖြစ်ပါတယ်။ ဒီမြေငှားရမ်းခကိုတော့ နှစ်စဉ်မြေခွန်ပြေစာနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံပြီးတော့တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာငွေစာရင်းကို ပေးသွင်းရပါတယ်။ မြေငှားဂရန်ရရှိရေးအတွက် ဆောင်ရွက်ရာမှာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို မည်သည့်ဝန်ဆောင်ခမျှ ပေးသွင်းရန်မလိုအပ်ဘဲ မြေငှားဂရန်ထုတ်ပေးပြီးမှ နှစ်စဉ်စည်းကြပ်တဲ့မြေခွန်ကိုသာ ပြေစာနဲ့ကောက်ခံခြင်း ဖြစ်ပါတယ်။ မြေငှားဂရန်အသစ်များ ချထားခြင်းနှင့်ပတ်သက်လို့ မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနဲ့အညီ ခွင့်ပြုထုတ်ပေးသွားရန်နဲ့ ပြည်သူလူထုနဲ့ဌာနဆိုင်ရာများအကြားမှာ အုပ်ချုပ်မှုအားနည်းချက်တွေ၊ အခြားအဂတိလိုက်စားမှုတွေမဖြစ်ပေါ်စေဖို့အတွက် ပြည်သူလူထုရဲ့ အကျိုးစီးပွားကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးသွားရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်ပါ ရက်စွဲပါစာနဲ့ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို ညွှန်ကြားထားရှိပြီးဖြစ်ပါတယ်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ မြို့နယ်မြေစာရင်းဦးစီးဌာနတွေမှာမြေစာရင်းပုံစံ(၁၀၅)နဲ့ မြေစာရင်းပုံစံ(၁၀၆) လျှောက်ထားခြင်းများမှာ မလိုလားအပ်တဲ့အခက်အခဲ ပြဿနာတိုင်ကြားမှုများဖြစ်ပေါ်နေလို့ ပွင့်လင်းမြင်သာမှုရှိစေဖို့အတွက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)ရဲ့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် ရက်စွဲပါစာနဲ့ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးများမှာ အများပြည်သူသိရှိဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဗွီနိုင်း(Venyl)နဲ့ ထင်ထင်ရှားရှား ချိတ်ဆွဲတပ်ဆင်ထားပြီးဖြစ်ပါကြောင်းနဲ့ နောင်မှာအများပြည်သူပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ဖို့

အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန Website မှာလည်း တင်ပြသွားဖို့ စီစဉ်ထားကြောင်းသိရှိရပါတယ်။

မြေငှားဂရန်ထုတ်ပေးခြင်းနှင့်ပတ်သက်လို့ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်မှာလိုအပ်တဲ့ အချက်အလက်တွေကို သိရှိလိုမယ်ဆိုလို့ရှိရင်တော့ သက်ဆိုင်ရာမြို့နယ်/ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှာ မေးမြန်းစုံစမ်းနိုင်ပြီးတော့ တာဝန်ရှိသူများမှလည်း ရှင်းလင်းဖြေကြားပေးမှာ ဖြစ်ပါတယ်။ မြေယာစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်နဲ့ပတ်သက်လို့ အများပြည်သူသိရှိနိုင်ရေးအတွက် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှာပြုလုပ်တဲ့ အပတ်စဉ်ပုံမှန်အစည်းအဝေးတွေ၊ ရပ်ကွက်/ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများနဲ့ပြုလုပ်သော အစည်းအဝေးတွေမှာလည်း လျှောက်ထားသူက တင်ပြရမယ့် အချက်အလက်များမပြည့်စုံခြင်း၊ သက်သေထွက်ဆိုပေးရမည့်ပုဂ္ဂိုလ်များခရီးလွန်နေခြင်း၊ ကန့်ကွက်သူများရှိနေ၍ စစ်ဆေးနေရခြင်းတို့ကြောင့် ကြန့်ကြာခြင်းမှအပ အမှန်စိစစ်ဆောင်ရွက်ရမယ့် အချိန်ကာလထက် ပိုမိုကြန့်ကြာမှုမရှိစေရေးအလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမြေငှားဂရန်လျှောက်ထားရာမှာဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်၊ လိုအပ်တဲ့အချက်အလက်များ၊ ခန့်မှန်းကြာမြင့်မယ့် အချိန်ကာလများကို အများပြည်သူသိရှိနိုင်ရေးအတွက် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကြော်ငြာသင်ပုန်းတွေမှာ ကြော်ငြာထားစေပြီးတော့ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို မေးပါ။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအနည်းငယ်ခွင့်ပြုပေးပါခင်ဗျား။ ဝန်ကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့သိချင်တာကတော့ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ပြည်နယ်မြို့ကြီးတိုင်းမှာ ခံစားနေရတဲ့အချက်လို့ပဲ ကျွန်တော်ယူဆပါတယ်။ (၁၀၅)၊ (၁၀၆) ဆွဲတဲ့ကိစ္စ၊ နောက်ကျွန်တော်တို့ မြေတိုင်းထွာတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့နိုင်ငံတော်ကနေပြီးတော့မှ အခွန်အခများကို မည်ကဲ့သို့နှုန်းထားများနဲ့ သတ်မှတ်ပေးတယ်ဆိုတဲ့အချက်လေးကို သိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆) ရေးဆွဲခြင်း၊ မြေတိုင်းတာခြင်းကိစ္စကတော့ ကြေးတိုင်နဲ့မြေစာရင်းဦးစီးဌာနက ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီး

ဌာနကတော့ ဒီဂရန်တွေထုတ်ပေးပြီးတော့ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးတာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်တင်ပြအပ်ပါတယ်။

**အဖက်ဖက်မှ နိမ့်ကျဆင်းရဲနေသော ကျေးရွာများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စများကို နိုင်ငံတော်မှ မည်ကဲ့သို့ကူညီနေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေဖြစ်ပါတယ်။ ယနေ့ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးရပြီးကာလ ဒေသများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စများကို နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးထားသည်ကို သိလို၍ မေးခွန်းအဖြစ်မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တံခါးမြို့နယ်မှာ ငြိမ်းချမ်းရေးရပြီးကာလ ဒေသများဖြစ်တဲ့ ကျောက်တံခါး၊ ဖြူး၊ ကျောက်ကြီးစသည့် မြို့နယ်ချင်းဆက်သည့်နေရာတွင် ဇလုပ်၊ သစ်ဖြူဆိပ်၊ နတ်လောင်း၊ မြပဲခူး၊ ရေလဲ၊ ပျဉ်းမပင်၊ လက်ပံကုန်း၊ ကင်ပွန်းခြုံ အစရှိသော ကျေးရွာများသည် ကွန်းချောင်း၏ တစ်ဖက်တစ်ချက်တွင် တည်ရှိနေကြပါတယ်။ ထို့အတူပင် ကျောက်တံခါး၊ ကျောက်ကြီး၊ ရွှေကျင်စသည့် မြို့နယ်ချင်းဆက်သည့်နေရာများ ဒေါင်းမို့၊ တောကြောင်ပေါက်၊ ကျောက်စရစ်၊ လိန်ပင်၊ ရွှေသောင်၊ ပဲသောင်၊ ထိုးဝါးစိုက်၊ ပြည်တော်သာကျွန်းကြီး၊ လှေတန်းကျွန်းကြီး၊ ကရင်ကျွန်းကြီး၊ ဟသ်ာဝဲ၊ ဝဲမှူး၊ ကျည်စု၊ ကညင်ကျိုးရွာဟောင်းအစရှိသော ရွာများသည် စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိနေကြပါသည်။ အနောက်ဘက်ကမ်းတွင် ဖို့တာ၊ ချောင်းဝ၊ ချောက်တဲစု၊ နတ်တလင်း၊ ကျောက်စရစ်၊ ဒိုးတန်း၊ လက်ခံ၊ ကညင်ကျိုး စသည့် ကျေးရွာများတည်ရှိပါတယ်။ ထိုကျေးရွာများသည် မြို့နယ်၏ အစွန်အဖျားတွင်ရှိကြပြီး ယခင်က ငြိမ်းချမ်းမှုမရှိခဲ့၍ ဒေသဖွံ့ဖြိုးရေးများ အလွန်ပင်နိမ့်ကျခဲ့ပါတယ်။ အထူးသဖြင့် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင်ရှိသော ရွာများမှာ အဆိုးဆုံးပင်ဖြစ်ပါတယ်။ ကျွန်းကြီးကျေးရွာမှာ စစ်တောင်းမြစ်ကူးတံတားရှိသော နတ်သံကွင်းကျေးရွာသို့ တောလမ်းအားဖြင့် ကိုး မိုင်ခန့်ရှိပြီး ရွှေကျင်-မဒေါက်သို့သွားလျှင်လည်း တောလမ်းအားဖြင့် ၁၂ မိုင်ခန့်သွားရပါတယ်။ ယခုအခါတွင်လည်း ထိုဒေသ

များမှာငြိမ်းချမ်းရေးရကာစသာ ရှိသေးသဖြင့် ဖွံ့ဖြိုးမှုလုံးဝမရှိနိုင်သေးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ ထိုဒေသများတွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများရှိခဲ့သော်လည်း လုံခြုံရေးစိတ်မချမှုကြောင့် ကျန်းမာရေးမှူးနှင့် သားဖွားဆရာမများသည် မြို့ပေါ်မှာသာနေထိုင်၍ ကာကွယ်ဆေးထိုး၊ ဆေးတိုက်ရန်ရှိသောအခါမှသာ သွားသဖြင့် ကျန်းမာရေးအတွက် အခက်အခဲများစွာဖြစ်နေရပြီး အချိန်မတော်မှဖြစ်လျှင် ကတို့မှတစ်ဆင့် စစ်တောင်းမြစ်ကိုဖြတ်ရန်မလွယ်ကူ၍ အသက်ဆုံးရှုံးရသည်များလည်းရှိခဲ့ပါတယ်။ ပညာရေးနဲ့ပတ်သက်၍လည်း ရွာအများစုမှာ မူလတန်းကျောင်းများသာရှိပြီး မူလတန်းအဆင့် ပြီးမြောက်သော ကျောင်းသားအရွယ်မှာ အသက် ၉ နှစ် ၁၀ နှစ်ခန့်သာရှိသေးသဖြင့် တစ်ဖက်ကမ်းသို့ အလယ်တန်းပညာ၊ အထက်တန်းပညာသင်ယူရန် မိဘများက စိတ်မချသဖြင့် ကျောင်းမပို့တဲ့အခါမှာ ပညာရေးတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ခဲ့ရတဲ့အတွက် ပညာရေးလည်း နိမ့်ကျရပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့်လည်း မြို့နယ်၏အစွန် တစ်ဖက်ကမ်းတွင်ရှိသော ရွာများဖြစ်သဖြင့် ဥပမာ လှေတန်း၊ ကျွန်းကြီးနှင့် ကညင်ကျိုးရွာဟောင်းသည် ကျောက်တံခါးမြို့နယ်တွင်ပါရှိသော်လည်း စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိနေသဖြင့် ယခင်က လုံခြုံရေးအရ မြို့နယ်၏ ပံ့ပိုးမှုနည်းပါးခဲ့သဖြင့် ရွာမှ ကမ်းနားကတို့ဆိပ်သို့ သွားရာလမ်းသည်ပင် လွန်စွာမှဆိုးခဲ့တဲ့အတွက် မိုးတွင်းတွင် သွားလာ၍မရနိုင်ပါ။ ထို့ပြင် တစ်ဖက်ကမ်းသို့ သွားရာမှာလည်း ကတို့ခမှာ လွန်စွာမှ ကြီးမြင့်နေသဖြင့် အလွန်ဒုက္ခရောက်ရပါတယ်။ ကတို့ခနှုန်းထားမှာ လူတစ်ဦးဆိုင်ကယ်တစ်စီးလျှင် ၁၅၀၀ ကျပ်၊ လှည်းတစ်စီးလျှင် ၄၀၀၀ ကျပ်၊ ကျောင်းသားတစ်ဦးလျှင် တစ်နှစ်လျှင် စပါး ၁၅ တင်းနှုန်းဖြစ်ပါတယ်။ ထို့ပြင် ထိုကျေးရွာများသည် မီးဆိုသည်ကို လုံးဝမမြင်ဘူးပါ။ ရေသန့်ရရှိရေးအတွက်လည်း တွင်းနက် တူးပေးမယ့် ပံ့ပိုးမှုများမရှိခဲ့၍ ရေဝါများကိုသာ စစ်သုံးနေရပါတယ်။ လုံခြုံရေးကိုအကြောင်းပြု၍ စိုက်ပျိုးရေး၊ ဆည်မြောင်းအစရှိသော ဌာနများမှ ဝန်ထမ်းများကလည်း ထိုဒေသများသို့ သွားရောက်ခဲ့ခြင်းမရှိ၍ စိုက်ပျိုးရေးအသိပညာနည်းပါးခဲ့သဖြင့် စပါး၊ ပဲ၊ နှမ်းများ မအောင်မြင်ခြင်း ခိုင်ခံ့လုံခြုံသော တာတမံများမရှိခဲ့၍ တာကျိုးခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများဖြစ်ခဲ့သဖြင့် စီးပွားရေးလည်း အလွန်ပင်နိမ့်ကျခဲ့ပါတယ်။ ထို့ပြင် ဒေသတွင်းရှိ အင်းအိုင်၊ ချောင်း၊ မြောင်းများမှ ငါး၊ ပုဇွန်များကိုလည်း ဒေသခံများက ဖမ်းယူစားသုံးခွင့်မရှိဘဲ ငါးလုပ်ငန်းမှ လေလံရသူများထံမှတစ်ဆင့် ဈေးကြီးပေးဝယ်စားရသောကြောင့် ဝင်ငွေမရသည့်အပြင် ဝမ်းရေးအတွက်လည်း အလွန်ပင် ဒုက္ခရောက်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ထိုကျေးရွာများအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနေပါသနည်း။ အကယ်၍ မဆောင်ရွက်ပေးရသေးပါက

မည်သည့်ကိစ္စများကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်သူများ အမှန်တကယ်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဗထူးတပ်မြို့ရှောင်ကွင်းလမ်းကို ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးခင်မောင်မြင့်၊ ရပ်စောက်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်၊ ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချို လမ်းပိုင်းအတွင်းရှိ ဗထူးတပ်မြို့ရှောင်ကွင်းလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းများကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ပြီးသော ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း၏ ရပ်စောက်မြို့အပိုင်းမှာ ဗထူးတပ်နယ်အား လေး မိုင်ဖြတ်သန်းရပါတယ်။ ကုန်တင်ယာဉ်များ၊ ဈေးပတ်ယာဉ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်သည့် စသည့် ယာဉ်များ၊ ပြည်သူများ အချိန်မရွေးလွယ်ကူစွာသွားလာနိုင်ရေးအတွက် ဗထူး မြို့ရှောင်ကွင်းလမ်းကို ကတ္တရာလမ်းအဆင့်တိုးမြှင့်တည်ဆောက်ပေးနိုင်မည့်အစီအစဉ်များရှိ/မရှိ မေးမြန်းခဲ့ပါတယ်။ အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဌာနပိုင်လမ်းမဟုတ် ပါကြောင်း စာဖြင့်ဖြေကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောဆွေးနွေးချက်များတွင် ဗထူးတပ် မြို့ရှောင်ကွင်းလမ်း ယခုလက်ရှိ မြေသားလမ်း ရှစ် မိုင်ကို ပြည်ထောင်စုလမ်း၊ ဆောက်လုပ်ရေးလမ်းပိုင်းအဖြစ် ထည့်၍သိမ်းသွင်းဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဗထူးမြို့ရှောင်လမ်း ကတ္တရာလမ်းခင်းရန် ခေါင်းစဉ်ဖြင့် ခွင့်ပြုရန်ပုံငွေ သန်း ၁၀၀ ရရှိခဲ့ပါတယ်။ သို့သော်လည်း ဗထူးမြို့ရှောင်လမ်းသည် ဆောက်လုပ်ရေး

လမ်းပိုင်းအဖြစ်ထည့်၍ သိမ်းသွင်းထားခြင်းမရှိသေးသောကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုသည်မှာ ပြည်ထောင်စုလမ်းပိုင်းများ၊ ပြည်သူများ အမှန်တကယ်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် (၁) ခွင့်ပြုရန်ပုံငွေရရှိပြီးဖြစ်သော ဗထူးမြို့ရှောင်လမ်းကို ဆောက်လုပ်ရေးလမ်းအဖြစ် သိမ်းသွင်းပြီး ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်များရှိ/မရှိ။ (၂) ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက ဗထူးမြို့ရှောင်ကွင်းလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရန်ပုံငွေလွှဲပြောင်း၍ တာဝန်ယူကြီးကြပ်ဆောင်ရွက်စေကာ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးမည့် အစီအစဉ်များရှိ/မရှိ။ ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးတင်ပြတဲ့အခါမှာလည်း ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ စုစည်းတင်ပြချက်များကို ကျွန်တော်ကိုယ်စားတင်ပြမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းမှာရှိတဲ့ ကျောက်ကြီး၊ ကျောက်တံခါး၊ ဖြူး၊ ရွှေကျင်မြို့နယ်များတွင် ငြိမ်းချမ်းရေးရရှိကာစ ကျေးလက်ဒေသများကို ကျေးလက်ဖွံ့ဖြိုးရေးမူငါးရပ်နှင့် လုပ်ငန်းစဉ်ရှစ်ရပ်တို့ကို မူတည်ပြီးတော့ အကောင်အထည်ဖော်လျက်ရှိပါတယ်။ ပဲခူးတိုင်းဒေသကြီးရဲ့ ရှင်းလင်းတင်ပြချက်များကို ဦးစွာတင်ပြပါမယ်။

**မူကြမ်း**

စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်ပြီးတော့ အထွက်တိုးစပါးမျိုးများ စိုက်ပျိုးခြင်းအတွက် မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးရေးကို ၂၀၁၂-၂၀၁၃ ခုနှစ်မှာ တင်းပေါင်း ၁.၂ သန်း ဖြန့်ဝေနိုင်ခဲ့ပါတယ်။ စက်မှုလယ်ယာကဏ္ဍအနေနဲ့လည်း လယ်ယာမြေဖော်ထုတ်ခြင်းကို ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ဧက ၁၀၀ ဖော်ထုတ်ခဲ့ပေမယ့် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဧက ၆၁၀၀၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဧက ၆၀၀ ထပ်မံဖော်ထုတ်ဖို့ စီစဉ်ထားပါတယ်။ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနဲ့ပတ်သက်လို့လည်း ၂၇၁၉ စီးထိ တိုးတက်ပိုင်ဆိုင်မှုရှိကြောင်းတင်ပြအပ်ပါတယ်။ ထို့အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ကနေပြီးတော့ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ချေးငွေ ၁.၀၂ ဘီလီယံ၊ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ၂၃.၅၇၈ ဘီလီယံနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ၂၄၀ ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

ဆည်မြောင်းကဏ္ဍအနေနဲ့တင်ပြလို့ရှိရင် မိုးရာသီမှာ စစ်တောင်းမြစ်ရေကြီးရေလျှံဖြစ်တဲ့ အခါမှာ ကျောက်တံခါးမြို့နယ်အတွက် ရေဘေးကာကွယ်ရေးတာတစ်ခု၊ ဖြူးမြို့နယ်အတွက် သုံးခု၊ ကျောက်ကြီးမြို့နယ်အတွက် နှစ်ခု ကျွန်တော်တို့ ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ လတ်တလော ဆောင်ရွက်နေတဲ့ဟာကတော့ ကျောက်တံခါးမြို့နယ်မှာ ရေနုတ်မြောင်းနှစ်ခုနဲ့ ရေလွှဲကဒစ်တန်းရိုက် တစ်ခု၊ ရွှေကျင်မြို့နယ်နှင့် ဖြူးမြို့နယ်မှာ ရေဘေးကာကွယ်ရေးတာ သုံးခုနှင့် ကျောက်ကြီးမြို့နယ်မှာ ရေဘေးကာကွယ်ရေးတာ နှစ်ခုတို့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးအပိုင်းအနေနဲ့တင်ပြရရင် ကျောက်တံခါးမြို့နယ်မှာ ရဲနွယ်တံတား ၃၆၀ ပေ အရှည် ကွန်ကရစ်တံတားတစ်ခု၊ ကျောက်ကြီးမြို့နယ်မှာ နတ်သံကွင်း ၇၂၀ ပေအရှည်ရှိတဲ့ သံကူကွန်ကရစ်တံတားတစ်ခု၊ ကျောက်ကြီးမြို့နယ်မှာပဲ မြို့လယ်တံတား ပေ ၂၇၀ အရှည်ရှိတဲ့ သံကူကွန်ကရစ်တံတားတစ်ခုတို့ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဆက်သွယ်ရေးကဏ္ဍအနေနဲ့ တိုင်းဒေသကြီးအတွင်းမှာ နိုင်ငံတော်ရဲ့စီမံချက်အရ တန်ဖိုးနည်း CDMA 800 MHz, GSM, WCDMA စုစုပေါင်းတန်ဖိုးနည်း ဖုန်း ၃၁၇၈၄၃ လုံးကို မြို့ရွာနှင့်ကျေးလက်နေပြည်သူများကို ဖြန့်ဝေ နိုင်ခဲ့ပါတယ်။ တာဝါတိုင်စုစုပေါင်း ၁၄၂ တိုင်အထိ တိုးချဲ့ဆောင်ရွက်နိုင်ပါတယ်။

ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ ငြိမ်းချမ်းရေးရယူထားတဲ့ နယ်မြေများဖြစ်တဲ့ ကျောက်ကြီး၊ ကျောက်တံခါး၊ ဖြူး၊ ရွှေကျင်မြို့နယ်များမှာ စည်ပင်သာယာရေးနဲ့ပတ်သက်လို့လည်း မြို့ပြလမ်းတွေ၊ မြို့ပြယာဉ်၊ ကျေးလက်လမ်း၊ ကျေးလက်ယာဉ်များကိုလည်း စည်ပင်သာယာရေးထည့်ဝင်ငွေများနဲ့ နှစ်စဉ်တိုးတက်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ မှာလည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ များက စက်ရေတွင်းများအတွက် တွင်းတိမ်များ၊ တွင်းနက်များကိုလည်း ကျွန်တော်တို့ ဆက်လက်

ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအနေနဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ စစ်တောင်းမြစ် အရှေ့ခြမ်းနှင့်အနောက်ခြမ်းဒေသများမှာ ပြည်သူများရဲ့လုံခြုံရေး တည်ငြိမ်အေးချမ်းရေးရှိစေရန်နဲ့ ငြိမ်းချမ်းရေးရယူပေးခဲ့တဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းများကို နှစ်စဉ် နှစ်တိုနှစ်ရှည်စီမံကိန်းများ လျာထားသတ်မှတ်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိပါကြောင်းနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ အကြံဉာဏ်များနှင့်ကောင်းသောအစီအမံများ ပေးပို့ခဲ့လို့ရှိရင်လည်း ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာကြိုဆိုပြီးတော့ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါကြောင်းလည်း ဖော်ပြထားပါတယ်။

ဆက်လက်ပြီးတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ချက်များကို ဆက်လက်တင်ပြပါမယ်။ ကျောက်ကြီးမြို့နယ်အတွင်းမှာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း ၅၀ ကျောင်းနှင့် ၂၀၁၄-၂၀၁၅ မှာ အခြေခံပညာအလယ်တန်းကျောင်းသုံးကျောင်းတို့ကို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီ ၂၀၁၃-၂၀၁၄ မှာပဲ Maintenance အနေနဲ့ ပြုပြင်ထိန်းသိမ်းရေးအတွက် အခြေခံပညာကျောင်းပေါင်း ၁၅ ကျောင်းနှင့် အခြေခံပညာကျောင်းတွေမှာ သန့်စင်ခန်းပေါင်း ၉၃ လုံး ဆောက်လုပ်ဖို့ ဘဏ္ဍာငွေခွဲဝေပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ မှာလည်း အခြေခံပညာကျောင်း ခြောက်ကျောင်းကို ရန်ပုံငွေခွဲဝေထားပြီးဖြစ်ပါတယ်။

ကျောက်တံခါးမြို့နယ်၌တင်ပြရရင် အခြေခံပညာကျောင်းများအနက်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း ၂၇ ကျောင်း၊ ၂၀၁၄-၂၀၁၅ မှာ အခြေခံပညာအလယ်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းတို့ကို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၎င်းအခြေခံပညာကျောင်းများရဲ့ တည်ဆောက်ရေး၊ ပြုပြင်ရေး၊ ထိန်းသိမ်းရေးအတွက်ကိုကျောင်းပေါင်း ၃၄ ကျောင်းနှင့် အခြေခံပညာကျောင်းပေါင်း ၈၀ မှာ သန့်စင်ခန်းပေါင်း ၁၆၇ လုံးကို ဆောက်လုပ်ပေးခဲ့တာဖြစ်ပါတယ်။ ၎င်းအပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးနဲ့ အခြေခံပညာကျောင်းပေါင်း ခြောက်ကျောင်းကိုလည်း ရန်ပုံငွေခွဲဝေပြီးဖြစ်ပါတယ်။

ဖြူးမြို့နယ်အနေနဲ့တင်ပြရလို့ရှိရင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အခြေခံပညာကျောင်းပေါင်း ၃၃ ကျောင်းနှင့် ၂၀၁၄-၂၀၁၅ နှစ်မှာ အခြေခံပညာအလယ်တန်းကျောင်း ငါးကျောင်းတို့ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်း အခြေခံပညာကျောင်းဆောင်များတည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်းနှင့် အခြေခံပညာကျောင်းပေါင်း ၇၅ ကျောင်းအတွက် သန့်စင်ခန်း ၁၄၂

လုံးကိုလည်း ရန်ပုံငွေခွင့်ပြုပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ယခုနှစ်မှာလည်း ငွေလုံးငွေရင်းအနေနဲ့ အခြေခံပညာကျောင်း ၇ ကျောင်းကိုလည်း ရန်ပုံငွေခွဲဝေထားပြီးဖြစ်ပါတယ်။

ရွှေကျင်မြို့နယ်အနေနဲ့တင်ပြရလို့ရှိရင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း ၉ ကျောင်းနှင့် ၂၀၁၄-၂၀၁၅ မှာ အခြေခံပညာအထက်တန်းကျောင်း တစ် ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အခြေခံပညာကျောင်းဆောင်များတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်အတွက် အခြေခံပညာကျောင်းပေါင်း ၁၃ ကျောင်းနှင့် အခြေခံပညာကျောင်းပေါင်း ၃၇ ကျောင်းတို့ကို သန့်စင်ခန်းပေါင်း ၈၂ လုံးကို ဆောက်လုပ်ပေးပြီး ရန်ပုံငွေခွင့်ပြုပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ယခုနှစ်မှာလည်း ရန်ပုံငွေများဖြင့် အခြေခံပညာကျောင်းပေါင်း ခြောက် ကျောင်းကို ရန်ပုံငွေခွဲဝေပြီးဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ချက်များကို ဆက်လက်တင်ပြပါမယ်။ ကျောက်ကြီးမြို့နယ်မှာ တိုက်နယ်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၈ ခုရှိပြီးတော့ အခြေခံကျန်းမာရေးဝန်ထမ်းအင်အားက ကျန်းမာရေးမှူးအဆင့်-၁ တစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူး သုံးဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၁ နှစ်ဦး၊ ဘက်စုံငါးဦး၊ သားဖွားဆရာမ ၂၂ ဦးတို့ဖြင့် ထမ်းဆောင်လျက်ရှိပါတယ်။

ကျောက်တံခါးမြို့နယ်အနေနဲ့တင်ပြရရင် တိုက်နယ်ကျန်းမာရေးဌာနလေးခု၊ ကျေးလက်ကျန်းမာရေးဌာနခြောက်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၀ ခုရှိပြီးတော့ အခြေခံဝန်ထမ်းအင်အားဟာ ကျန်းမာရေးမှူးအဆင့်-၁ တစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူးကိုးဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၁ နှစ်ဦးနဲ့ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ၁၂ ဦး၊ ဘက်စုံသုံးဦး၊ သွားဖွားဆရာမ ၅၃ ဦးတို့ ထမ်းဆောင်လျက်ရှိပါတယ်။

ဖြူးမြို့နယ်အနေနဲ့တင်ပြရရင် တိုက်နယ်ကျန်းမာရေးဌာနသုံးခု၊ ကျေးလက်ကျန်းမာရေးဌာနငါးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၅ ခု၊ ကျန်းမာရေးဝန်ထမ်းအင်အားများအနေနဲ့တင်ပြရရင် ကျန်းမာရေးမှူးအဆင့်-၁ တစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူးရှစ်ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၁ တစ်ဦးနဲ့ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ခုနစ်ဦး၊ ဘက်စုံငါးဦး၊ သားဖွားဆရာမ ၄၃ ဦးတို့ဖြင့် ထမ်းဆောင်လျက်ရှိပါတယ်။

ရွှေကျင်မြို့နယ်အနေနဲ့တင်ပြရလို့ရှိရင် တိုက်နယ်ကျန်းမာရေးဌာနနှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၈ ခု၊ အခြေခံကျန်းမာရေးဝန်ထမ်းအင်အားအနေ

နဲ့တင်ပြရရင် ကျန်းမာရေးမှူးအဆင့်-၁ တစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူးသုံးဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၁ နှစ်ဦးနဲ့ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ခုနစ်ဦး၊ ဘက်စုံသုံးဦးနဲ့ သားဖွားဆရာမ ၂၂ ဦးတို့ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦမရှိသေးသည့် ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ်၊ ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့အတွက်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ကျန်းမာရေးဌာနခွဲ အဆောက်အဦများအတွက် ဘတ်ဂျက်များလျာထားဆောင်ရွက်ပေးပြီးလည်းဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ဆက်လက်တင်ပြရရင် နိုင်ငံတော်ရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးနဲ့ စံပြအိမ်ရာနှင့် ယင်လုံအိမ်သာများကို တည်ဆောက်ရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများအပြင် သားငါးဖူလုံရေးအတွက်ကိုပါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျာထားရာမှာလည်း နိုင်ငံတော်အကြီးအကဲ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ဒေသဖွံ့ဖြိုးရေးခရီးစဉ်များတွင် ဒေသခံပြည်သူများက တိုက်ရိုက်တင်ပြသည့် ဒေသလိုအပ်ချက်များ၊ လွှတ်တော်များမှ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များတင်ပြသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အခြေခံလျက် လျာထားဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီးတော့ လက်ဆင့်ကမ်း မွေးမြူရေးဘဏ်စနစ် (Livestock Bank) ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ကျေးရွာများကို ၂၀၀၃-၂၀၀၄ ခုနှစ်မှစပြီးတော့ အရင်းမပျောက် မတည်ငွေများကိုထုတ်ပေးခဲ့ရာမှာ ငွေကျပ် သိန်းပေါင်း ၁၀၂၀ တန်ဖိုးရှိတဲ့ တိရစ္ဆာန်များကို ကျေးရွာမွေးမြူသူများ၏ စီးပွားရေးအထောက်အကူပြုစေရန်အတွက် ဝန်ကြီးဌာနမှ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ယခင် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်လီမိတက် (ယခုကမ္ဘာ့ရတနာဘဏ်လီမိတက်)မှ တိရစ္ဆာန်များတိုးချဲ့မွေးမြူရန်အတွက် ၂၀၁၄ ခုနှစ် ဧပြီလအထိ ၁.၇၅ ဘီလီယံနှင့် ကျေးလက်ဒေသဘဏ်လီမိတက်ကနေပြီးတော့ ၂၀၁၄ ခုနှစ် မေလအထိ ၂.၃၁၄၇ ဘီလီယံထုတ်ချေးထားခဲ့ပြီးလည်း ဖြစ်ပါတယ်။

ထို့အပြင် နိမ့်ကျဆင်းရဲနေသော ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးရန်ရည်ရွယ်ပြီးတော့ သားငါးကဏ္ဍမွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်ဖြင့် ကျေးလက်ဒေသများ

အတွက် တိရစ္ဆာန်များဖြန့်ဖြူး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒါကိုလည်း ၂၀၁၂ ခုနှစ် ဧပြီလက စပြီးတော့ နွား၊ ကျွဲ၊ ဝက်၊ ဆိတ်၊ သိုး၊ ကြက်၊ ဘဲစသည်များကိုလည်း တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့လည်း ကျောက်တံခါးမြို့နယ်အတွင်းမှာ ငြိမ်းချမ်းရေးရခါစ အဖက်ဖက်မှနိမ့်ကျနေတဲ့ ကျေးရွာများအတွက် တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူများအတွက် ၂၀၁၄ ခုနှစ် ဇူလိုင်လ အတွင်းမှာ ငါးမွေးမြူရေး တိုးတက်ပြီးတော့ ဒေသခံကျေးရွာသားများ ငါးပိုမိုစားသုံးနိုင်ရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီးတော့ Mono-sex Tilapia သုံးလက်မအရွယ် ငါးသားပေါက်များကိုလည်း အခမဲ့ဖြန့်ဖြူးပေးလျက်ရှိခြင်းနှင့် ၂၀၁၄ ခုနှစ် ဩဂုတ်လမှာလည်း စပါးခင်းဧက ၂၀၀ မှာ ငါးသားပေါက်အကောင်ရေတစ်သိန်း ငါးမျိုးစိုက်ထည့်ပေးလျက်ရှိကြောင်းနှင့် ကျောက်တံခါးမြို့နယ်အတွင်းမှာရှိတဲ့ စပါး၊ ငါးကန် ဆောင်ရွက်လိုသူများကိုလည်း စည်းရုံး ဆောင်ရွက်ပြီးတော့ နည်းပညာပံ့ပိုးခြင်း၊ မျိုးငါးများ အခမဲ့ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိပါ တယ်။

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ်နှင့် ရွှေကျင်မြို့နယ် များမှာ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါတယ်။ စစ်တောင်းမြစ်တဝိုက်မှာရှိတဲ့အတွက်ကြောင့် ကျေးရွာ များကို သွားရာလမ်းဖြစ်တဲ့ ကျောက်ကြီးမြို့နယ်မှာရှိတဲ့ ကျွန်းကြီး-နတ်သံကွင်းလမ်း ၁၀ မိုင်၊ မြေသားလမ်း ၄ မိုင်၊ လူသွားလမ်း ၆ မိုင်ရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ပြီးတော့ ၂၀၁၅-၂၀၁၆ မှာ လျာထားဖို့တင်ပြမှာဖြစ်ပါတယ်။ ၎င်းအပြင် ကျွန်းကြီး-နတ်သံကွင်းလမ်းမှာလည်း ကျွန်းကြီးကနေ ရွှေကျင်-ကျောက်ကြီးလမ်းကို ဆက်သွယ်တဲ့လမ်း ခုနစ်မိုင် ကိုလည်း တွက်ချက်ပြီးတော့ လာမယ့် ၂၀၁၅-၂၀၁၆ မှာလျာထားတင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အတူပဲ ကျောက်ကြီးမြို့နယ်အတွင်းမှာ လမ်း၊ တံတားများ၊ မီးလင်းရေးလုပ်ငန်းများ ကျောက်တံခါးမြို့နယ်အတွင်းမှာလည်း ရေရရှိရေးလုပ်ငန်းများ၊ လမ်း၊ တံတားလုပ်ငန်းများ၊ မီးလင်း ရေးလုပ်ငန်းများနဲ့ ဖြူးမြို့နယ်အတွင်းမှာပဲ ရေရရှိရေးလုပ်ငန်းများ၊ လမ်း၊ တံတားလုပ်ငန်းများနဲ့ ဆိုလာမီးလုပ်ငန်းများကိုလည်း ကျွန်တော်တို့ လျာထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသည့် ငြိမ်းချမ်းရေးရပြီးခါစ မြို့လေးမြို့နယ်ကို ဝန်ကြီး ဌာနအနေဖြင့် ကျေးရွာများအထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းသွား ရောက်ပြီးတော့ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ကျေးရွာဘဏ္ဍာရေးဆပ်ကော်မတီများကို လူထုဖြင့် ဖွဲ့စည်းပြီးတော့ သက်ဆိုင်ရာဒေသ အစိုးရအဖွဲ့မှ ရွေးချယ်လာတဲ့ ကျေးရွာများကိုလည်း

ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီးတော့ မြစိမ်းရောင်ကျေးရွာစီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးရကာစဒေသဖြစ်သည့် စစ်တောင်းမြစ်အနီးတစ်ဝိုက်ရှိ ကျေးရွာများအား ဆက်သွယ်သွားလာသော ကျောက်ကြီးမြို့နယ်မှာရှိတဲ့ လမ်း၊ တံတားများကိုလည်း ၂၀၁၅-၂၀၁၆ မှာ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေတောင်းခံတင်ပြသွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရရင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်းရေးရယူထားသည့် ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံပြည်သူများအတွက် လတ်တလောလိုအပ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ စံပြအိမ်ရာများဆောက်လုပ်ရေး၊ ကျေးလက်နေပြည်သူလူထု စီးပွားတိုးတက်ရေး၊ ကျေးလက်ပညာရေးနှင့် ကျန်းမာရေး အဆင့်မြင့်မားရေး၊ ကျေးလက်အနှံ့ ဆက်သွယ်ရေး ကောင်းမွန်စေရေးစသည့်ချေးငွေတို့ကို ပြည်သူဗဟိုပြုစနစ်ဖြင့် ကျင့်သုံးပြီးတော့ တိုင်းဒေသကြီးအစိုးရ ဆက်စပ်ဝန်ကြီးဌာနများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ NGO၊ INGO များ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပြီးတော့ Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တင်ပြပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်မြင့်၏ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၊ ရပ်စောက်-အင်တော-ကျောက်ကူ-နောင်ချိုလမ်းပိုင်းအတွင်း ဗထူးမြို့ရှောင်ကွင်းလမ်းအား ဖောက်လုပ်မည်ဆိုပါက ရပ်စောက်မြို့၊ ဥတ္တံတံတား ရပ်ကွက် သီတာလမ်းမှ ဟွေးအုပ်စုအတွင်းရှိ အင်းမှီး၊ လွယ်ဆင်၊ ဇလဲကျေးရွာများကို ဖြတ်သန်းပြီးတော့ ရပ်စောက်-အင်တောလမ်းပိုင်းပေါ်ရှိ ပါမဲအုပ်စု၊ ညောင်ပင်သာကျေးရွာအထိ စုစုပေါင်း မြေသားလမ်း ခုနစ်မိုင်ခန့် ဖောက်လုပ်ရမှာဖြစ်ပါတယ်။ အဆိုပါလမ်းကို ၁၈ ပေအကျယ် မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် စုစုပေါင်း ၁၀၅ သန်း၊ ကတ္တရာလမ်းခင်းရန်အတွက် ၆၄၉.၀၄ သန်း၊ သစ်သားတံတား ၁၅ ပေ တည်ဆောက်ရန်အတွက် ၇.၅ သန်းနဲ့ စုစုပေါင်း ၇၆၁ သန်းလောက် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးကို ဒီနှစ် ၂၀၁၄-၂၀၁၅

ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုထားတဲ့ လမ်း၊ တံတားအတွက် ခွင့်ပြုထားတဲ့ငွေကတော့ ၁၀.၄၃၀ သန်း ဆောင်ရွက်ခွင့်ပြုထားပါတယ်။

ရပ်စောက်မြို့နယ်နဲ့ပြန်တင်ပြရရင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှာ ၂၀၁၄-၂၀၁၅ ယခုနှစ်မှာ ကျောက်ချောလမ်း ၁၅ မိုင်၊ မြေသားလမ်း ၁၄ မိုင်နဲ့ သစ်သားတံတား ၆၀ ပေတို့အား ရန်ပုံငွေကျပ် ၅၇၂.၄ သန်းဖြင့် ဆောင်ရွက်ရန် ခွင့်ပြုထား ပြီးလည်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ ရပ်စောက်မြို့နယ်၊ ဗထူးတပ်မြို့ မြို့ရှောင်ကွင်းလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုမိန့်ရန်ပုံငွေမှ လွှဲပြောင်း၍ ဆောက်လုပ်ရန် လောလောဆယ်တော့ အစီအစဉ်မရှိသေးပါဘူး။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရမယ်ဆိုလို့ရှိရင် လူသွားလမ်း လက်ရှိ ရှိတဲ့လမ်းကို လမ်းအင်္ဂါရပ်နှင့်အညီ ဖောက်လုပ်ဖို့ လယ်မြေ၊ ယာမြေများ ဖြတ်သန်းရန်ရှိလို့ရှိရင်လည်း လျော်ကြေးပေးဖို့ကိစ္စတွေ နှစ်ရှည်သီးနှံစားပင်များ လျော်ကြေးကိစ္စများ ပါလာနိုင်တဲ့အတွက်ကြောင့် လမ်းအူကြောင်းသတ်မှတ်ခြင်းကို လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေနဲ့ အသေးစိတ်ကွင်းဆင်းတိုင်းတာ ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြပြီးတော့ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းများမေးတဲ့အခါမှာလည်း ကျွန်တော် တစ်ခါ တင်ပြ ထားတာရှိပါတယ်။ ကတိဖြစ်စေသော မေးခွန်းများကို ဖြစ်စေဖို့အတွက် တိတိကျကျရှင်းရှင်းလင်းလင်း မေးဖို့လည်းလိုပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေတဲ့အခါမှာလည်း မေးခွန်းအပေါ်ပဲ အဓိကထားပြီး ဖြေပြီးတော့ သီအိုရီတွေ၊ သဘောတရားတွေ မဆိုင်တဲ့ဟာတွေ ဖြေခြင်းအားဖြင့် ဝန်ကြီးဌာနမှလည်း ပိုအလုပ်ရှုပ်၊ အချိန်ကုန်ပြီး ကျွန်တော်တို့ လွှတ်တော်ရဲ့အချိန် လည်းအများကြီးဆုံးရှုံးပါတယ်။ ကျွန်တော် ဒေါက်တာခင်မောင်ဆွေရဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဒီဒေသကိုရောက်ဖူးတဲ့အတွက် ကျွန်တော်ဒီမှာ တင်ပြချင်ပါတယ်။ ဒီ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းမှာ ရွှေကျင်မြို့နယ်က ကွန်းကြီး ဒါကို ကရင်ကွန်းကြီးလို့ခေါ်ပါတယ်။ နောက်တစ်ခါ ကျောက်တံခါးမြို့နယ်ရဲ့ ကွန်းကြီးကို ပြည်တော်သာကွန်းကြီးလို့ ခေါ်ပါတယ်။ အမှားပြင်ပါ။ ကျွန်တော်တို့ ကျောက်ကြီးမြို့နယ်ရဲ့ ကွန်းကြီးကို ပြည်တော်သာကွန်းကြီးလို့ ခေါ်ပါတယ်။

ကျောက်တံခါးမြို့နယ်ရဲ့ ကျွန်းကြီးကို လေ့တန်းကျွန်းကြီးလို့ခေါ်ပါတယ်။ အဲဒီကျွန်းကြီး သုံးခုဟာ အင်းကြီးပတ်လည်မှာနေပြီးတော့ စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာဖြစ်ပါတယ်။ အားလုံး မြို့နယ်သုံးခုရဲ့ အဝေးဆုံးနေရာမှာရှိပြီးတော့ သွားရေး၊ လာရေးအခက်အခဲရှိသလို ဒီနေ့ ဒီမှာ တင်ပြထားတဲ့ ဒီရွာတွေဟာ ဘယ်သွားသွား အနည်းဆုံး ၁၀ မိုင်လောက်ဝေးတယ်။ ဘယ်သွားသွား ဘယ်ကိုဖောက်ထွက်ဖောက်ထွက် ပြီးရင် ဒီရွာတွေမှာ ကျန်းမာရေးဌာနရှိသော်လည်း ကျန်းမာရေးဌာန မှာ ဆရာဆရာမတွေမရှိဘူး။ ဆေးမှူးတွေမရှိဘူး။ စသည့်စသည့် ဒီလိုအခက်အခဲရှိတဲ့အတွက် ဒီနေ့ အလွယ်ဆုံးဖြစ်တဲ့လမ်းကတော့ စစ်တောင်းမြစ်ကိုဖြတ်ကူးပြီးတဲ့အခါမှာ ကျောက်တံခါးမြို့နယ်ထဲကို သွား သို့မဟုတ်ရင် ညောင်လေးပင်မြို့နယ်ကိုသွားရတဲ့အတွက် ဒီမြစ်ကြီးကိုဖြတ်ကူးတဲ့အခါမှာ အချိန် အခါမဟုတ်တဲ့အတွက် တချို့ ဆုံးပါးသွားရတာတွေလည်းရှိတယ်။ ဒါကြောင့်မို့လို့ မေးခွန်းရဲ့အလို ကတော့ အဲဒီနေရာတွေမှာ သူနာပြုဆရာဆရာမတွေ ခန့်ထားပေးဖို့နဲ့ တခြားဆက်သွယ်ရေးကောင်း အောင် ဘယ်လိုလုပ်ပေးမယ်ဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနကလည်း အခု မေးတဲ့မေးခွန်းရဲ့ အဓိကဖြစ်သော ကျွန်းကြီးသုံးကျွန်းက ဘယ်နေရာမှာတည်ရှိ သလဲ။ ဘယ်လောက်ဝေးသလဲ။ ဒီဟာလေးကြည့်ဖို့လိုပါတယ်။ အဲဒီနည်းတူပဲ မေးခွန်းမေးတဲ့ သက်ဆိုင်သူများအနေနဲ့လည်း အဲဒီ ကျွန်းကြီးရွာသုံးခုမှာ ဘာတွေဘာတွေရှိလဲ။ သို့ရာတွင် ဆရာ မရှိဘူး။ သို့မဟုတ်ရင် သူနာပြုမရှိဘူး။ ဒီလိုတိတိကျကျလေးမေးမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့လည်း ဖြေလို့ကောင်းမယ့်သဘောရှိပါတယ်။ ဒါကြောင့် မေးခွန်းမေးမြန်းတဲ့အခါ မှာရော၊ ဖြေကြားတဲ့အခါမှာရော ကတိဖြစ်စေသော မေးခွန်းများ မေးမြန်းဖြေကြားခြင်းက အားလုံး အတွက် အကျိုးရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ခုနက တင်ပြချင်တာက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ကိုယ်စားလှယ်များအကြံပြုတင်ပြရင် တင်ပြပါဆိုတဲ့နေရာမှာ ဒီလို နှုတ်လောက်နဲ့တော့ အကြံပြုတင်ပြလို့မရဘူး။ မြေပုံတွေဆွဲ၊ ဆွဲပြီးတဲ့အခါမှာ ခုနက ဘာရှိတယ် ဆိုတာဖော်ပြ။ ဖော်ပြပြီးတဲ့အခါမှာ ဒီမှာတော့ ဆေးခန်းရှိတယ်။ ဆရာဝန်မရှိဘူး။ ဆရာမရှိဘူး။ ဒီမှာတော့ ဘာရှိတယ်။ ဘာမရှိဘူးဆိုတာကို ဒီလိုတိတိကျကျတင်ပြမှသာလျှင် သက်ဆိုင်ရာဝန်ကြီး ဌာနများက အကူအညီပေးနိုင်မှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ပေးပို့လာသော လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ် ၆ ကိုဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၄-၃-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ၇-၃-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဆွေးနွေးလိုသူများကိုလည်း ၁၂-၃-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးရန် တောင်းခံထားပြီးလည်း ဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၆ ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လမ်းမကြီးများဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားတဲ့ ပြင်ဆင်ချက်ဇယား စာမျက်နှာ ၁ မှ ၇ အထိ ပြင်ဆင်ချက်ပေါင်း ၁၄ ချက်အနက်မှ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံသည့်အချက် ၆ ချက်ကို လွှတ်တော်သို့ ဦးစွာတင်ပြသွားမှာဖြစ်ပါတယ်။ အဲ့ဒီအချက်ကတော့ ပြင်ဆင်ချက်ဇယားမှာပါရှိတဲ့ စာမျက်နှာ ၁ အမှတ်စဉ် ၂ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ စာမျက်နှာ ၂ အမှတ်စဉ် ၄ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၄ အမှတ်စဉ် ၈ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၅ အမှတ်စဉ် ၁၁ အပိုဒ် ၅ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၆ အမှတ်စဉ် ၁၃

အပိုဒ် ၆ နှင့် စာမျက်နှာ ၆ နဲ့ ၇ မှာပါရှိတဲ့ အမှတ်စဉ် ၁၄ အပိုဒ် ၇ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံသည့်အချက် ၆ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ပြင်ဆင်ချက် ၆ ချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက သဘောတူကြောင်း တင်ပြပါတယ်။ လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်သည့်အချက် ၇ ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်သည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ စာမျက်နှာ ၁ အမှတ်စဉ် ၁ ဥပဒေခေါင်းစီး၊ စာမျက်နှာ ၁ နှင့် ၂ အမှတ်စဉ် ၃ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၂ နှင့် ၃ အမှတ်စဉ် ၅ ကိုပယ်ဖျက်ပါသည်။ စာမျက်နှာ ၃ အမှတ်စဉ် ၆ အပိုဒ် ၃ ပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့်(ခ)၊ စာမျက်နှာ ၄ အမှတ်စဉ် ၇ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ စာမျက်နှာ ၅ အမှတ်စဉ် ၁၀ အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ စာမျက်နှာ ၅ နှင့် ၆ အမှတ်စဉ် ၁၂ အသစ်ဖြည့်စွက်ချက်အပိုဒ် ၆ ပုဒ်မ ၉-က နှင့် ပုဒ်မ ၉-ခ

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၇ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နဲ့စပ်လျဉ်းပြီး ဥပဒေ

ကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၇ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက် ၇ ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊ ကွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီတို့က ပြင်ဆင်ချက် ၂ ချက်စီ တင်ပြထားတာရှိပါတယ်။ ဦးစွာ ဦးမြင့်စိုးက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စာမျက်နှာ ၃ အမှတ်စဉ် ၆ အပိုဒ် ၄ မှာ ပြင်ဆင်လိုသည်မှာ ၇-က နဲ့ ၇-ခ ဆိုပြီးတော့ ပြင်ဆင်ပါတယ်။ ၇-က က ပြည်သူလူထုအတွက်ဖြစ်ပြီးတော့ ၇-ခ ဟာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ဥပဒေများ လမ်းမကြီးကိုကာကွယ်ပေးဖို့ဆိုပြီးတော့ နှစ်ခုရည်ရွယ်ပြီးတော့ ပြင်ဆင်ခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ၇-က မှာ မည်သူမဆို ဆောက်လုပ်ရေးလုပ်ငန်း၏ခွင့်ပြုချက်မရှိဘဲ လမ်းမကြီး၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ဒဏ်ငွေတစ်သိန်းမှ အများဆုံး ဒဏ်ငွေငါးသိန်း ချမှတ်ရမည်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ထားရခြင်းက ထောင်ဒဏ်သုံးနှစ်လို့ ပါနေတဲ့အတွက်ကြောင့် ဒီထောင်ဒဏ်သုံးနှစ်ဟာ ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ပြင်ဆင်ရခြင်းဖြစ်ပါတယ်ခင်ဗျာ။ အဲ့ဒီ ၇-က ပြင်ဆင်ရခြင်းအကြောင်းကို ရိုသေလေးစားစွာ တင်ပြခွင့်ပြုပါခင်ဗျာ။ ဤဥပဒေကို ပြင်ဆင်ရခြင်းအကြောင်းအရင်းကတော့ ကျွန်တော့်အနေနဲ့ ပျော်ဘွယ်မြို့နယ်မှာ လမ်းမကြီးဘေးမှာနေထိုင်ကြတဲ့ မင်းလှ၊ ကင်းထောက်၊ ညောင်နွယ်၊ စတောင်၊ ယင်းတော်ရွာမ၊ ယင်းတော်မြို့မ စတဲ့ ကျေးရွာ ပြည်သူတွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပျော်ဘွယ်မြို့နယ်ကနေပြီးတော့ ထုတ်ပြန်တဲ့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ ထွက်ရှိတဲ့စာအရ လမ်းမကြီးကို ပေ ၃၀၀ သတ်မှတ်ကြောင်း လမ်းအလယ်ကနေပြီးတော့ တစ်ဖက်ကို ပေ ၁၅၀ သတ်မှတ်ကြောင်း သတ်မှတ်တဲ့အခါပြီးတော့ ကျွန်တော်တို့ လမ်းမကြီးဥပဒေအရ ရက် ၆၀ အတွင်းရွှေ့ပြောင်းပေးရန် တင်ပြပါတယ်။ အကြောင်းကြားပါတယ်။ ဒီလိုအကြောင်းကြားတဲ့အတွက်

ကြောင့် မဖယ်ဘူးဆိုလို့ရှိရင် တရားစွဲမယ်လို့ အကြောင်းကြားတဲ့အတွက်ကြောင့် ဒီမေးခွန်းလည်းဖြစ်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ ဒီဥပဒေကိုလည်း ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ဖြစ်ရတဲ့အကြောင်း အရင်းက ကျွန်တော့်အနေနဲ့ ထပ်မံတင်ပြရမယ်ဆိုရင် ပြည်သူလူထုတွေက ၎င်းတို့ရဲ့ဆန္ဒအရ ၎င်းတို့သည် ပေ ၁၀၀ အတွင်းမှာဆိုတဲ့ စကားဟာ နဂိုကတည်းက ပေ ၁၀၀ လို့ ပြောထားတဲ့အတွက်ကြောင့် ပေ ၁၀၀ အတွင်းမှာ နဂိုကတည်းက နေထိုင်ခဲ့တဲ့အကြောင်း ရှေးယခင်ကတည်းက တည်ရှိနေထိုင်သူများဖြစ်ပြီးတော့ ယခုမှ လမ်းမကြီးက ပေ ၃၀၀ သတ်မှတ်ခြင်းကို ပြင်ဆင်ပေးပါရန်၊ လွှတ်တော်သို့ တင်ပြပေးပါရန် ပြောဆိုချက်အရ ကျွန်တော့်အနေနဲ့ နဝမပုံမှန်မှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ်နဲ့ မေးမြန်းခဲ့တဲ့အခါမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ လမ်းမအကျယ်ကို ပေ ၂၃၀ ဟု သတ်မှတ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ ထို့ကြောင့် ပြည်သူများဟာ လက်ရှိအနေအထားမှာ လမ်းအကျယ် ပေ ၂၃၀ အတွင်းမှာ အဆောက်အဦများ တည်ရှိနေပါသေးတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇ မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်ဆိုတဲ့ စကားရပ်နဲ့ပတ်သက်ပြီးတော့ အဲ့ဒီစကားရပ်မှာ အခန်း(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)မှာပါတဲ့ နိုင်ငံတော်ဆိုတဲ့ စကားရပ်ဟာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာနဲ့ကိုင်စွဲတဲ့ အဖွဲ့အစည်းသို့မဟုတ် လူပုဂ္ဂိုလ် နောက် ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်ဆိုသည်မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ပိုင်ဆိုင်ခွင့်ရှိထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ဥပဒေအရ အကာအကွယ်ပေးရန် တာဝန်ရှိသည်ဟူသော လုပ်ပိုင်ခွင့်များအရလည်းကောင်း၊ ပြည်သူလူထုရဲ့ဆန္ဒအရလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ မကြာခဏ မိန့်ကြားသလို ဥပဒေတစ်ရပ်သည် ပြည်သူလူထု လေးစားလိုက်နာနိုင်သော ဥပဒေတစ်ရပ်ဖြစ်ရန်လည်းကောင်း၊ ပြည်သူကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ဥပဒေများကို ပယ်ဖျက်ရမည်ဟူသော လမ်းညွှန်ချက်များအရလည်းကောင်း လေးစားလိုက်နာပြီးတော့ ဒီဥပဒေကတော့ ပြည်သူလူထုမှာ ပေ ၂၃၀ အတွင်းဆိုတဲ့အခါကျတော့ သူတို့က နဂိုကတည်းက ပေ ၁၀၀ အတွင်းမှာ ပိုင်ဆိုင်ထားတဲ့သူတွေဖြစ်တဲ့အတွက်ကြောင့် သူတို့ဟာ တရားဝင်ပိုင်ဆိုင်ထားတယ်လို့ ကျွန်တော့်အနေနဲ့ မှတ်ယူပါတယ်။ ဒါ့ကြောင့် ဤဥပဒေကို ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ထောင်ဒဏ်ဖြစ်နေတဲ့အတွက်ကြောင့် ဤထောင်ဒဏ်ကို ပယ်ဖျက်ရန် ပြင်ဆင်ခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌကြီးအား ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ၇-ခ ကို ဆက်လက်တင်ပြပါ့မယ်။ ၇-ခ မှာ မည်သူမဆို ၇-က ပါ ပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး တစ်သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ငွေဒဏ်ချမှတ်မည်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းအရင်းကတော့ ဒီထောင်ဒဏ်ကို ကျွန်တော့်အနေနဲ့ ပထမပိုင်းမှာ ကန့်ကွက်ခဲ့ပါတယ်။ သို့သော်လည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ဆွေးနွေးတဲ့အခါမှာ Law Punished Force ရှိဖို့အတွက် အရေးကြီးပါတယ်။ တကယ်တမ်း အမှန်တကယ်လမ်းမကြီးမှာ ကျူးကျော်နေတဲ့လူကိုလည်း အရေးယူဖို့လိုအပ်တယ်လို့ ဆွေးနွေးခဲ့တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဤအချက်ကိုသဘောတူပြီးတော့ ပြင်ဆင်ခဲ့ခြင်းဖြစ်ပါကြောင်း ရိုသေလေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး ကျန်တဲ့သူတွေလည်း တစ်ခါတည်း ဇယားနဲ့သိရအောင် ဦးမြင့်စိုး တင်ပြတာ ကန့်လန့်ဖြတ်ဇယား စာမျက်နှာဘယ်လောက်ပါလဲ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၆ အပိုဒ် ၄ ၇-(က)ပါ။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ အဲ့လိုဆွေးနွေးသွားတယ်။ ဆွေးနွေးတုန်းကတော့ အခုနက ပေ ၁၀၀ တို့၊ ပေ ၃၀၀ တို့ ဒီလိုပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ အခုနက ၆၊ ၇-က မှာကျတော့ သူက ပြစ်ဒဏ်ကို အနည်းဆုံးငွေကျပ် တစ်သိန်းမှ အများဆုံးငွေကျပ် ငါးသိန်းအထိဆိုပြီးတော့ ဒီလိုပဲ ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ အခုနက ပြောတဲ့ ပေ ၁၀၀ တို့၊ ပေ ၃၀၀ တို့၊ ပေ ၁၅၀ ဆိုတာ ဒီထဲမှာ မပါပါဘူး။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဒီလိုဆွေးနွေးမှုနဲ့ ဘာများပတ်သက်ပါသလဲ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဘာလို့များပတ်သက်ပါသလဲဆိုရင် ကျွန်တော့်အနေနဲ့က အခုလက်ရှိလူထုက ပေ ၁၀၀ အတောအတွင်းမှာ နေထိုင်ပါတယ်ခင်ဗျ။ ပေ ၁၀၀ အတောအတွင်းမှာ နေထိုင်တော့ ပေ ၂၃၀ လို့ သတ်မှတ်လို့ရှိရင် လမ်းမကြီးဥပဒေအရ ကျွန်တော်တို့က ငြိပါတယ်

ခင်ဗျ။ အဲ့ဒါကြောင့်မို့လို့ ငြိနေတဲ့အတွက်ကြောင့်မို့လို့ ထောင်ဒဏ်ချမယ်ဆိုရင် လူထုကို ထိခိုက်နိုင်မယ်ထင်လို့ ကျွန်တော် ဒီထောင်ဒဏ်ကို ပယ်ဖျက်ဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီတော့ ရည်ရွယ်ချက်က ဒီလမ်းမကြီးဥပဒေကို ပြဋ္ဌာန်းပေးမယ့် ပေ ၁၃၀ သည် သို့မဟုတ်ရင် ပေ ၁၅၀ သည်မသင့်ဘူး။ ပေ ၁၀၀ ပဲ သင့်ပါတယ်ဆိုတာ ဦးတည်တာလား။ သို့မဟုတ်လို့ရှိရင် ဒဏ်ငွေကိုပဲ ဦးတည်တာလား။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ ဒဏ်ငွေကို ပြောတာပါခင်ဗျား။ ဟိုဟာက ၁၀-(က)မှာ ပါပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ဘယ်လောက်မှာပါလဲ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၆ ပါခင်ဗျ။ ၁၃ မှာ ၁၀-က မှာကျတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖော်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းမကြီး၏နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း၊ နေအိမ်အဆောက်အအုံ၌ တည်ရှိမှုအခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြားတည်ဆဲမြို့ပြဆိုင်ရာဥပဒေများ၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်လို့ ပါထားလို့ပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒါ စာမျက်နှာ ဘယ်လောက်လဲ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၆။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၁၃။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၃။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီတော့ အခုနက လမ်းမကြီးဥပဒေမှာပါမယ့် အဓိကပါရမယ့် အကွာအဝေးဆိုတာ ဒီထဲမှာ မဖော်ပြထားတဲ့အတွက် ဘယ်လိုသတ်မှတ်မလဲ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဒီမှာက သူက ဆောက်လုပ်ရေးဝန်ကြီးဌာနက ဒီအချက်အလက်တွေပေါ်မူတည်ပြီးတော့ စဉ်းစားမယ်လို့ ဆိုထားတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ တကယ်

လို့လည်း ပေ ၂၃၀ အတောအတွင်းမှာဆိုလို့ရှိရင်လည်း ငြိသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထု ထောင်ဒဏ်ကျမှာကြောက်လို့ ကျွန်တော့်အနေနဲ့ ဒီထောင်ဒဏ်ကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ၇-က က။ ၇-ခ ကျတော့ ကျွန်တော်တို့က ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ တကယ်တမ်း ကျူးလွန်တဲ့ လူတွေကျတော့ အရေးယူဖို့အတွက် ထောင်ဒဏ်မပါရင်လည်း Law Punished Force မရှိတဲ့အတွက်ကြောင့် အဲ့ဒါကို ပြင်ဆင်တာကိုလည်းရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီတော့ အဓိကက ဘာလဲ။ အခုနက လမ်းမကြီးဥပဒေသတ်မှတ်တဲ့နေရာမှာ ဒီလမ်းမကြီး ဗဟိုကနေပြီးတော့ အကွာအဝေးဘယ်လောက်ကဖြစ်သင့်တယ်။ မဖြစ်သင့်ဘူးဆိုတဲ့ဟာ ရည်ရွယ်ချက်ထဲမှာ ရှိသော်လည်း ဒီထဲမှာ ဘာမှ မပါဘူး။ မပါတော့ ဘာလဲဆိုတော့ ထောင်ဒဏ်ကနေ ငွေဒဏ်။ တစ်ခါ ကျူးလွန်ပြီး နောက်တစ်ခါကျရင် တစ်ခါ ထောင်ဒဏ်ဆိုတာတော့ ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ကဲ ဟုတ်ပြီ။ ဒါတော့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က ပြည်သူ့ကိုယ်စား ဒီလို တင်ပြတယ်။ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ အခု ကျွန်တော်တို့ သိချင်တယ်ဆိုတာက ပြည်သူတွေသိချင်တဲ့အချက်ပါပဲ။ နော် ဒီဟာကိုဘယ်လိုများ ကျွန်တော်တို့ ကာကွယ်ပေးနိုင်မလဲ။ စောင့်ရှောက်ပေးနိုင်မလဲ။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီမှာ ဦးမြင့်စိုး ဆွေးနွေးတာနဲ့ ပတ်သက်လို့ ပြစ်ဒဏ်ပေးတဲ့ ထောင်ဒဏ်တို့၊ ငွေဒဏ်တို့ ဆိုတာနဲ့ပတ်သက်လို့ ကျွန်တော်တို့ ကန့်ကွက်စရာမရှိပါဘူး။ သဘောတူပြီးသားပါ။ ဒီမှာ ကျွန်တော်တို့ဘက်က တင်ပြရမယ့်ကိစ္စလေးက လမ်းနယ်ကိစ္စဖြစ်ပါတယ်ခင်ဗျား။ လမ်းနယ်ကိုတော့ ကျွန်တော်တို့ မူလက ပေ ၃၀၀ သတ်မှတ်ထားတာ မှန်ပါတယ်။ သို့သော်လည်းပဲ ဒီလမ်းကြီးဟာ Asia High Way အမှတ်(၁)မှာ ပါဝင်တဲ့လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကြီးဟာ နောက်ပိုင်း ၂၀၁၅ မှာ အပြည်ပြည်ဆိုင်ရာက ယာဉ်တွေ ဝင်ရောက်လာတဲ့အခါ အဆင်ပြေအောင်လို့ဆိုပြီးတော့ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းနဲ့ကိုက်ညီအောင် သူတို့ဆီမှာသတ်မှတ်ထားတဲ့အတိုင်း မီတာ ၇၀ ကျွန်တော်တို့ဘက်ကပြန်ဖြေရင် ပေ ၂၃၀ ဆိုပြီးတော့ ကျွန်တော်တို့ သတ်မှတ်တာဖြစ်ပါတယ်။ ဒါက ပေ ၂၃၀ သတ်မှတ်ရတဲ့ အကြောင်းအရင်းဖြစ်ပါတယ်။ ဒုတိယတစ်ခုကတော့ ပေ ၁၀၀ ကိစ္စဖြစ်ပါတယ်။ ပေ ၁၀၀ ဆိုတာကတော့ ကျွန်တော်တို့တွေ ငယ်ငယ်ကတည်းက ပေ ၁၀၀ လမ်း၊ ပေ ၁၀၀ လမ်း ပြောထားတာဖြစ်တဲ့အတွက် ကျွန်တော်

တို့ မြို့တွင်း၊ ရွာတွင်းတွေကို ဖြတ်တဲ့အခါမှာ ကျွန်တော်တို့ ပေ ၁၀၀ ပဲသတ်မှတ်တာဖြစ်ပါတယ်။ တတိယအချက်ကတော့ ကျွန်တော်တို့ ဒီလိုသတ်မှတ်ထားသော်လည်းပဲ ဒီအနေအထားတွေကို ပြန်ကြည့်ရင် ကျွန်တော်တို့လမ်းက အရင်ဖောက်တာလား။ အိမ်တွေက အရင်ရှိတာလား။ အိမ်တွေရှိပြီးမှ ကျွန်တော်တို့က ဝင်ပြီးတော့ ဒီလမ်းကြီးကို ဖောက်တယ်ဆိုရင်တော့ နဂိုရှိပြီးသားအတိုင်းပဲ ကျွန်တော်တို့ ထားဖို့ဆိုပြီးတော့ သဘောတူထားတာဖြစ်ပါကြောင်း ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ အဲ့ဒီလို အဓိပ္ပာယ်ပါအောင်။ ရေးထားတယ်ဆိုရင်တော့ နောင်လုပ်တဲ့နေရာမှာ အဆင်ပြေမယ်။ အဲ့လိုမှမဟုတ်ဘူးဆိုလို့ရှိရင် အခုနက နောင်ကျလို့ရှိရင် ဒီအပေါ်မူတည်ပြီးတော့ ပြဿနာတွေ ပြန်ပေါ်လာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခု AH-1 ဆိုတဲ့လမ်းဟာ ကျွန်တော်တို့နားလည်သလောက်ဆိုလို့ရှိရင် ရန်ကုန်-မန္တလေးလမ်းကြီးဟာ AH-1။ အဲ့ဒီလမ်းပေါ်မှာ မြို့တွေလည်း တည်ထားတာရှိတယ်။ ရွာတွေလည်း တည်ထားတာရှိတယ်။ အခုဆိုလို့ရှိရင် တိုးချဲ့ပြီး တည်ထားတာဖြစ်တဲ့အတွက် အကယ်လို့သာ အခုနက ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒီလိုစဉ်းစားပြီး ဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေနဲ့ ထိပ်တိုက်တွေ့ရမယ့်ကိစ္စမျိုးဖြစ်လာတယ်ဆိုရင် ဥပဒေကလည်း ရှိပြီးပြီ။ ပြည်သူတွေကလည်း အခက်အခဲတွေ့မယ်ဆိုရင် နောက်ဆုံး အစိုးရကိုယ်စားလုပ်တဲ့ဌာနနဲ့ အများကြီးပြဿနာရှိနိုင်ပါတယ်။ အဲ့ဒီနည်းတူပဲ အခုနက တချို့က မြေပြင်မှာ ရွာဆိုပြီးတော့ ပေါ်နေတယ်။ ဒါပေမယ့်လို့ အခုနက စာရင်းပေါ်မှာကျတော့ ရွာမဖြစ်သေးဘူး။ ရွာတည်ခွင့်၊ မတည်ခွင့်ကလည်း တကယ်တမ်းကျတော့ သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုက တာဝန်ရှိတယ်။ သို့ရာတွင် စာရင်းမပေါက်တဲ့အတွက်ကြောင့် ရွာမဟုတ်ဘူး။ ဒါ့ကြောင့် အခုနက လမ်းကို အခုနက နယ်နိမိတ် ဒီလိုသတ်မှတ်မယ်ဆိုပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ပြည်သူနဲ့ ပြဿနာတွေ ပြန်ပြီးတော့ ပေါ်လာနိုင်တဲ့ အနေအထားရှိပါတယ်။ ပြန်ကြည့်ပါ။ ကျွန်တော်တို့ ရန်ကုန်ကနေပြီးတော့ မန္တလေးသွားတဲ့နေရာမှာ လှည်းကူးကစကြည့်လိုက် မြို့ရှိတယ်။ ရွာတွေရှိတယ်။ မြို့ရှိတယ်၊ ရွာတွေရှိတယ်ဆိုတဲ့နေရာမှာ ဒီလမ်းနဲ့ရွာနဲ့၊ လမ်းနဲ့မြို့နဲ့ နောက်ပိုင်းမှာ စကားအများကြီးပြောရမယ့် သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ အားလုံးထင်ထင်ရှားရှားသိအောင် ဆောင်ရွက်ဖို့လည်း လိုကောင်းလိုပါလိမ့်မယ်။ ယေဘုယျတော့ ကျွန်တော် သဘောပေါက်တယ်။ မြို့ထဲမှာဆိုရင် ပေ ၁၀၀ နော်။ ရွာထဲကျတော့ ရွာထဲလည်း ပေ ၁၀၀ ဖြစ်မှာပေါ့။ ဘာကြောင့်လည်းဆိုတော့ ရွာဘေးမှာလုပ်တာ။ ဒါဖြင့် ဘယ်ဟာရွာလဲ။ ဘယ်ဟာမြို့လဲ။ ပြီးတဲ့အခါမှာ အခုနက ဒီမြို့ရဲ့ ဒီရွာရဲ့အလွန်ကျတဲ့အခါ

ဘယ်လိုဖြစ်မလဲ ဒါလည်း စဉ်းစားရမယ့်သဘောရှိပါတယ်။ နိုင်ငံတကာစံချိန်စံညွှန်းဆိုတာတော့ ဟုတ်ပါပြီ။ အခုနက မီတာ ၇၀ တို့။ သို့ရာတွင် ကိုယ့်နိုင်ငံမှာ လက်ရှိရှိနေတဲ့ အခြေအနေအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့က စေတနာနဲ့ဆောင်ရွက်သော်လည်း ပြည်သူတွေအတွက် အခက်အခဲ ပြဿနာဖြစ်လာတယ်ဆိုရင် အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနသာမကပဲ နိုင်ငံပါ သွားပြီးထိခိုက်မယ့် အနေအထားဖြစ်တဲ့အတွက် ဒီကိစ္စဟာ သေသေချာချာစဉ်းစားဆောင်ရွက်ရမယ့်ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော် မေးချင်ပါတယ်။ အခုလို စပြီးတော့ ခေါင်းတည်တုန်းက ကျွန်တော် နားလည်တာက အကွာအဝေးသတ်မှတ်တာ။ ဒါပေမယ့် အခု ဒီထဲမှာ ဖော်ပြတာကတော့ အကွာအဝေး သတ်မှတ်တာထက်ပိုပြီးတော့ အဓိကထားနေတာ ငွေကြေးသတ်မှတ်တာ ဒီလိုဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော်တို့ဘက်ကပဲ ထပ်ပြီးတော့ မေးခွန်းမေးချင်ပါတယ်။ အခု ဥပဒေကြမ်း ကော်မတီအနေနဲ့ အခုလို ဆွေးနွေးထားတဲ့ကိစ္စတွေဟာ ပြည်သူများဘက်က လက်ခံဆောင်ရွက်ဖို့ အတွက် အသင့်ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလား။ မဖြစ်နိုင်ဘူးဆိုလို့ရှိရင် ပြည်သူများဘက်က လက်ခံ ဆောင်ရွက်နိုင်မယ့် အနေအထားမျိုး ဟိုဘက်ဒီဘက် မျှမျှတတဖြစ်/မဖြစ်ဆိုတာလည်း ပြန်လည် သုံးသပ်ဖို့လိုပါတယ်။ ကျွန်တော်တို့လွှတ်တော်မှာတော့ အခုနက ထုံးစံအတိုင်းပဲ ဒီဥပဒေကို အတည် ပြုလိုက်မယ်။ အတည်ပြုလိုက်တော့ ဥပဒေကြီးတော့ဖြစ်သွားပြီ။ ဒါပေမယ်လို့ ပြည်သူတွေမလိုက်နာ နိုင်တဲ့ ဥပဒေမျိုး တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် တရားမျှတမှုမရှိသောဥပဒေမျိုး ဖြစ်သွားမယ် ဆိုရင် ကျွန်တော်တို့လွှတ်တော်မှာလည်း တာဝန်ရှိလာမယ့်အပိုင်းဖြစ်သလို ဝန်ကြီးဌာနများနဲ့ သက်ဆိုင်သူများကလည်း ဆောင်ရွက်ရာမှာလည်း အခက်အခဲရှိနိုင်ပါတယ်။ ကဲ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီအနေနဲ့ အခု ကျွန်တော် မေးတဲ့မေးခွန်းအပေါ် မူတည်ပြီးတော့ သဘောထား လေးပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ အများပြည်သူအကျိုး၊ အများပြည်သူရှင်းရှင်းလင်းလင်းနားလည်စေဖို့အတွက် အနည်းငယ်ရှင်းပြ ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ စာမျက်နှာ ၆ အမှတ်စဉ် ၁၃ မှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းမကြီး များ၏ နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း လူနေအိမ်အဆောက်အအုံများ၏ တည်ရှိမှု အခြေအနေ၊ တည်ဆောက်ပြီးသည့်အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြားတည်ဆဲမြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကို ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်ဆိုတဲ့အပေါ်မှာ

ကျွန်တော်တို့ သဘောတူချက်ကတော့ နည်းဥပဒေမှာ သတ်မှတ်ချက်ကို တိတိကျကျထည့်ဖို့ ညှိနှိုင်းရရှိပါတယ်။ ဒါကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့လုပ်ငန်းများကို ကျွန်တော်တို့က ကာကွယ်ရင်းနဲ့ အများပြည်သူဘက်ကို ကာကွယ်ပါတယ်။ ဒီနေရာမှာ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်တစ်ခုနဲ့လည်း ဆက်စပ်ပါတယ်။ မူလကတော့ စာမျက်နှာ ၃ အမှတ်စဉ် ၆ မှာက ထောင်လည်းချမယ်။ ဒဏ်ငွေလည်း တပ်မယ်ဆိုတဲ့ ပြစ်ချက်သုံးချက်ရှိပါတယ်။ အဲ့ဒါကတော့ လမ်းမကြီးတွေကိုဖြတ်ပြီးတော့ တစ်စုံတစ်ရာ ဖောက်လုပ်မယ်၊ ဆောက်မယ်။ အမှတ်စဉ် ၂ အနေနဲ့ နယ်နိမိတ်အတွင်းမှာ အဆောက်အအုံတွေဆောက်မယ်။ အမှတ်စဉ် ၃ အနေနဲ့ နယ်နိမိတ်အတွင်းမှာ ကန်တွေတူးမယ်၊ မြေတွေတူးမယ်ဆိုလို့ရှိရင် သူ့ကို ထောင်လည်းချမယ်၊ ဒဏ်ငွေတွေလည်းရိုက်မယ်လို့ မူလပြဋ္ဌာန်းချက်မှာပါပါတယ်။ ဒါကိုတော့ ဥပဒေကြမ်းကော်မတီနဲ့ ကျွန်တော်တို့ကော်မရှင်က ညှိနှိုင်းပြီးတော့ ခွဲထုတ်လိုက်ပါတယ်ဗျ။ အဲ့ဒီတော့ ထောင်ချဖို့လိုအပ်တဲ့ လမ်းမကြီးကိုဖြတ်ပြီးတော့ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်း ဒါလမ်းမကြီးများပျက်အောင်စီစဉ်တဲ့၊ ထိခိုက်တဲ့အနေအထားပါ။ အမှတ်စဉ်(ခ)မှာတော့ လမ်းမကြီးများရဲ့နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း၊ မြေတူးဖော်ခြင်းနဲ့ပတ်သက်ရင်တော့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေချပါမယ်။ ဒီနေရာမှာ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်ရဲ့ ဒီရည်ရွယ်ချက်နဲ့အညီ နယ်နိမိတ်အတွင်းမှာ အဆောက်အအုံနဲ့သက်ဆိုင်လို့ အကြောင်းတစ်စုံတစ်ရာ ပေါ်လာလို့ရှိရင်တော့ ထောင်ဒဏ်မချပါနဲ့၊ ငွေဒဏ်ပဲချပါဆိုပြီးတော့ ဒါပြင်ဆင်ခြင်းဖြစ်ပါတယ်။ သို့သော်လည်း ထပ်မံကျူးလွန်ရင်တော့ ထောင်ချဖို့ ဒါကို ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်ကလည်း သဘောတူခြင်းဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒီတော့ အချုပ်အားဖြင့် တင်ပြရလို့ရှိရင်တော့ ဒီလမ်းမကြီးများကို သတ်မှတ်တဲ့နေရာမှာ မြို့ရဲ့လက်ရှိနယ်နိမိတ်အရှိအတိုင်း လမ်းမကြီးကို သတ်မှတ်ပါ။ အများသုံးတဲ့ Highway လမ်း၊ အသစ်ဖောက်တဲ့လမ်းများကိုတော့ အပြည့်သတ်မှတ်လို့ရပေမယ့် မြို့တွင်းမှာရှိတဲ့ လမ်းတွေကိုတော့ အရှိအတိုင်းပဲ လမ်းမကြီးသတ်မှတ်ဖို့ဆိုတဲ့ဟာကို နည်းဥပဒေမှာ တိတိကျကျထည့်ဖို့ ညှိနှိုင်းရရှိပါတယ်။ အဲ့ဒီအကြောင်းလေးကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နည်းဥပဒေအပိုင်းကျတဲ့အခါကျတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကပဲ ရေးဆွဲမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာသည် ခုနက အများပြည်သူများ လက်ခံနိုင်တယ်။ ထူးခြားပြဿနာလည်းမရှိဘူးဆိုရင်တော့ ဒီဥပဒေကို ကျွန်တော်တို့ အတည်ပြုရမှာပါ။ သို့ရာတွင် ခုနက အခုပြောတဲ့အတိုင်း ဥပဒေပြဋ္ဌာန်းပြီးမှ နောက်ဆက်တွဲပြဿနာတွေရှိမယ်ဆိုရင် ကျွန်တော်တို့မှာ တာဝန်ရှိသလို ဆောင်ရွက်ရတဲ့ပုဂ္ဂိုလ်များအတွက်လည်း တာဝန်ရှိမှာဖြစ်ပါတယ်။ ဒီလိုဆိုရင်

အရှိအတိုင်းဆိုတဲ့နေရာမှာ ကျွန်တော်တို့ ပြန်ပြီးတော့လည်း သတိပြုဖို့လိုပါတယ်။ အရှိအတိုင်းဆိုတော့ ဒီနေ့လား ဒါမှမဟုတ် နည်းဥပဒေဆွဲပြီးမှလား သို့မဟုတ် ဘယ်တော့လဲ။ ဒီကြားထဲမှာ ဖြစ်လေ့ဖြစ်ထရှိတာ ဒီဥပဒေတော့ထွက်လာပြီ။ ဒါကြောင့်မို့လို့ ခုနက သွားပြီးတော့ တဲထိုးပြီးတဲ့အခါမှာ ရွာပုံစံတွေဘာတွေ လုပ်မယ်ဆိုတဲ့ကိစ္စတွေကလည်း ဒါတွေကလည်း ဒီယိုပေါက်တွေကလည်း ရှိနိုင်တယ်။ ရှိလည်းရှိခဲ့တယ်။ ဒါကြောင့်မို့လို့ ဒီလိုအချိန်ကာလဆိုတာကလည်း တစ်ဖက်ကတော့ လိုအပ်တာရှိပါတယ်။ ဒါကြောင့်မို့လို့ အချိန်ကာလက ဒီနေ့တည်ရှိနေတဲ့ existing အတိုင်းဆိုရင် တစ်မျိုး သို့မဟုတ်လို့ရှိရင် ခုနက ဒီနည်းဥပဒေထွက်လာပြီးနောက်ပိုင်းမှဆိုလို့ရှိရင် ဒီကြားထဲမှာထပ်ပြီးတော့ ပြဿနာတွေ ဖြစ်လာနိုင်သေးတယ်ဆိုတဲ့အကြောင်းလည်း ထည့်စဉ်းစားဖို့လိုပါတယ်။ ဘာပဲဖြစ်ဖြစ် Terms နဲ့ Condition ကတော့ ရှိသင့်တဲ့ကိစ္စတစ်ခုဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာသည် ဒီဥပဒေထဲမှာ Terms နဲ့ Condition ထည့်ဖို့လိုတယ်ဆိုလို့ရှိရင်တော့ ပြန်ဖြည့်စွက်ဖို့လိုပါလိမ့်မယ်။ သို့မဟုတ်ရင် ဒီဟာသည်တော့ ဒီအတိုင်းရပြီလို့ သက်ဆိုင်ရာဝန်ကြီးဌာနကရော၊ ကော်မတီအနေနဲ့ရော ဒီနေ့ ကော်မတီက ဆောက်လုပ်ရေးဆိုတဲ့အတွက် ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး မြှင့်တင်မှုကော်မတီလည်း တာဝန်ရှိပါတယ်။ ဒီနေ့ ဥက္ကဋ္ဌတော့မပါပါဘူး။ ဒါကြောင့်မို့လို့ ဒီအဖွဲ့တွေကလည်း သေချာစဉ်းစားဖို့လိုပါမယ်။ စဉ်းစားပြီးတဲ့အခါမှာ ဒါသည် ပြည့်စုံပြီဆိုရင်တော့ pass ပေါ့။ မပြည့်စုံသေးဘူးဆိုရင်တော့ ထပ်ပြီးစဉ်းစားဖို့လိုပါလိမ့်မယ်။ ကဲ ဒါကြောင့်မို့လို့ ဒီဟာ အကောင်အထည်ဖော်ရမှာက ပြည်ထောင်စုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးကဖြစ်ပါတယ်။ ဒီဟာသည် ပြည့်စုံပြီလား သို့မဟုတ်လို့ရှိရင် ဝန်ကြီးဌာနအတွက် ဒီလိုဆောင်ရွက်တဲ့နေရာမှာ အခက်အခဲမရှိတော့ဘူးလား။ ပြည်သူအတွက်ကော အဆင်ပြေပြီလားဆိုရင်တော့ ဆက်လက် ကျွန်တော်တို့ဆွေးနွေးမယ်။ အဲ့ဒါမှ မဟုတ်ဘူးဆိုရင်တော့ ခုနက အချိန်ကာလအတွက် ညှိနှိုင်းဖို့လိုတယ်ဆိုလို့ရှိရင်တော့ ဒီဟာကို ကျွန်တော်တို့ ဒီမှာ ခဏထားပြီးတဲ့အခါမှာ ပြည့်စုံအောင်လုပ်လိုက်ရင် ကောင်းနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနရဲ့သဘောထားပြောပြပေးပါ။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီလမ်းနယ်သတ်မှတ်တာနဲ့ပတ်သက်လို့တော့ ခုနက အချိန်ကာလလေး ထည့်လိုက်တာတော့ ပိုပြီးတော့ အဆင်ပြေမယ်လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့တော့ ထင်ပါတယ်။ ဘယ်နေ့ဘယ်ရက်က သတ်မှတ်ပြီးတော့၊ စတင်ပြီးတော့ ဒီလမ်းနယ်သတ်မှတ်ချက်ကို အတည်ဖြစ်ပါတယ်ဆိုတာလေး ထည့်ဖို့တော့ လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆိုရင် ဒီဟာကို ဘယ်နေ့ဘယ်ရက်မှာ သတ်မှတ်မလဲဆိုတဲ့ဟာကို ဒီဥပဒေထဲမှာ တစ်ခါတည်းထည့်မလား။ သို့မဟုတ်လို့ရှိရင် ခုနက နည်းဥပဒေကျမှ ထည့်ရင်ရမလား။ ဒါလေးလည်း ဝိုင်းစဉ်းစားဖို့လိုပါတယ်။ မဟုတ်ဘူး တစ်ခါတည်းပဲ လမ်းနယ်ကိုတော့ အချိန်တစ်ခု ကာလသတ်မှတ်ပြီးတော့ ဒီလမ်းနယ်သတ်မှတ်မှုကို သက်ဆိုင်ရာသို့အကြောင်းကြားရန်၊ တင်ပြရန်ဆိုရင် ဘယ်လိုဖြစ်မလဲ။ ဒါလည်း ဥပဒေဘက်ကကော၊ တကယ်လက်တွေ့လုပ်မယ့်အဖွဲ့ကရော ဒါလေး နည်းနည်း စဉ်းစားဖို့လိုပါတယ်။ ဒီလိုဆိုရင်တော့ လွှတ်တော်ထဲမှာလည်းဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ ဒီအပိုဒ်တစ်ပိုဒ်ပါပဲ။ ကျန်တာကတော့ ဘာမှသဘောမတူစရာမရှိပါဘူး။ တစ်ခါတည်း ပြီးသွားအောင်ပေါ့။ နောင်တစ်ချိန်ပြန်တင်တဲ့အခါမှာ ပိုပြီးတော့လွယ်သွားအောင်ပေါ့။

**ဥက္ကဋ္ဌ**။ ။ ဒီမှာ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။ ခုနက ကိစ္စကို ကျွန်တော် ခဏလေးဆိုင်းထားပါမယ်။ ဒေါ်တင်တင်ရီ ဆွေးနွေးပါ။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရှင့်။ ကျွန်မအနေနဲ့ လမ်းမကြီးများဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ အမှတ်စဉ် ၉ အပိုဒ် ၅ တွင် မူလဥပဒေပုဒ်မ ၈ ရဲ့နောက်ဆက်တွဲ ပုဒ်မခွဲ(ဆ)ကို ပြင်ဆင်အစားထိုး ခြင်းဖြစ်ပါတယ်။ ကျွန်မအစားထိုးထားတဲ့ ပုဒ်မခွဲ(ဆ)ကတော့ လမ်းမကြီးနယ်နိမိတ်အတွင်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ လမ်းဘေးစားသောက်ဆိုင်များ၊ ဈေးဆိုင်များ ဆောက် လုပ်တည်ခင်းရောင်းချခြင်းဆို၍ ကျွန်မအစားထိုးထားပါတယ်။ အစားထိုးရခြင်းရဲ့ရည်ရွယ်ချက်ဟာ ၎င်းစားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေဟာ ခွင့်ပြုချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် ဆိုင်ခန်း တည်ခင်းရောင်းချလို့ရှိရင် လမ်းပိတ်ဆို့မှုများဖြစ်ပြီး လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်ဖြစ်ပေါ် နိုင်သဖြင့် အန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ အစားထိုးခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒေါ်တင်တင်ရီပြင်ဆင်အဆိုပြုတဲ့ အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်တင်တင်ရီရဲ့ အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲ ခုနကဟာ ကျွန်တော်တို့ ပြန်ပြီးတော့ တစ်ခါတည်းပြတ်ရင်လည်း ပြတ်တာပေါ့။ ဒီလမ်းနယ်နိမိတ်သတ်မှတ်မှုနဲ့ ပတ်သက်ပြီးတော့ ခုနက ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူးလည်း တင်ပြသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါက စာမျက်နှာ ၆ အမှတ်စဉ် ၁၃ မှာ ဖြစ်ပါတယ်။ အခု ဒီလိုရေးသားထားတဲ့ ၁၀(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်း၍ ဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းမကြီး၏နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း၊ လူနေအိမ်အဆောက်အအုံများ၏ တည်ရှိနေမှုအခြေအနေ၊ တည်ဆောက်ပြီးစီးတဲ့ အချိန်ကာလ ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြားတည်ဆဲ မြို့ပြဆိုင်ရာဥပဒေများ၏ အကျိုးသက်ရောက်မှုကိုပါထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်လို့ ဒီလိုရေးသားထားခြင်းသည် တကယ်လုပ်တဲ့နေရာမှာ အဆင်ပြေမှုရှိနိုင်/မရှိနိုင်။ ဒါလေးကိုပဲ ခုနက သက်ဆိုင်ရာဝန်ကြီးဌာနကိုပဲ ကျွန်တော်မေးချင်ပါတယ်။ အဆင်ပြေနိုင်တယ်ဆိုရင်တော့ ဒီဟာကို အတည်ပြုဖို့အတွက် ကျွန်တော် လွှတ်တော်ကို တင်ပြပါမယ်။ အဆင်မပြေနိုင်ဘူးဆိုရင်တော့ ဒီကိစ္စကို သီးခြားဆွေးနွေးပြီးတဲ့အခါမှာ ဆက်လက်ဆောင်ရွက်ချင်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဒီအပိုဒ် ၁၀ အပိုဒ်ခွဲ(က)ကတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက်တော့ အဆင်ပြေကြောင်းတင်ပြအပ်ပါတယ်။ ဒီဟာကိုတော့ ကျွန်တော်တို့ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် အဆင်ပြေတယ်ဆိုရင် ခုနက လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးတို့ဘက်ကကော ပြောမယ်ဆို အဆင်ပြေနိုင်လားပေါ့။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့အခါမှာ ဒီ ၁၀(က)ကို သူတို့နဲ့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါကျတော့ ပထမပိုင်းကတော့ ၁၀(က)မှာ ပြင်ဆင်ချက်တင်သွင်းခဲ့ပါတယ်။ ဒါဘာလဲဆိုတော့ လမ်းရဲ့နယ်နိမိတ်တွေကို သတ်မှတ်မယ်ဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်ရယူရမယ်လို့ ကျွန်တော် ပထမတင်သွင်းခဲ့ပါတယ်။ နောက်ပိုင်းကျတော့ ဘာပဲဖြစ်ဖြစ် ဒီရဲ့ဥပဒေထုတ်လို့ရှိရင် ပြည်ထောင်စုလွှတ်တော်မှာ တစ်ခါတည်းတင်သွင်းပြီးသားဖြစ်ပါတယ်။ နည်းဥပဒေဆိုရင်လည်း ကျွန်တော်တို့က တင်ပြီးသားဖြစ်ပါတယ်ဆိုတာနဲ့ ကျွန်တော့်အနေနဲ့ အဲ့ဒါကို လက်ခံပြီးတော့ လက်ရှိအတိုင်း ကျွန်တော့်အနေနဲ့ လက်ခံခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်းအားဖြင့်တော့ အဲ့လိုပေါ့ ပြည်ထောင်စုလွှတ်တော်ကို အတည်ပြုချက်ရယူပြီးတော့မှ လုပ်ရမယ်ဆိုရင်တော့လည်း လွယ်လွယ်ကူကူအဆင်ပြေမယ်။ သို့သော်လည်းပဲ

သူတို့က ပေ ၂၃၀ က နိုင်ငံတကာနှင့်စံနှုန်းဖြစ်နေတဲ့အတွက်ကြောင့် ဒါပြင်လို့မရဘူးဆိုတော့ ပြင်ဖို့ခက်တယ်လို့ပြောတာနဲ့ ဒီ ၁၀(က)ကို ကျွန်တော့်အနေနဲ့လက်ခံခဲ့ခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပေ ၂၃၀ က ပြဿနာမရှိဘူး။ ဘယ်အချိန်မှာလဲ။ ရွာမရှိဘူး။ မြို့မရှိဘူး။ ပြဿနာမရှိဘူး။ ရွာနဲ့မြို့တွေအတွက်ပြောတာ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ရွာဆိုသည်မှာ ဘယ်အုပ်စုကို ရွာဆိုတဲ့ဟာလည်း သတ်မှတ်ထားဖို့ လိုလိမ့်မယ်။ မြို့ဆိုရင်လည်း မြို့နဲ့ပတ်သက်လို့ပေါ့။ လမ်းကြောင်းတစ်လျှောက် အဲ့ဒီဟာသည် နောင်တစ်ချိန်မှာ အငြင်းပွားလာဖွယ်ဖြစ်မယ်ဆိုရင် ရှင်းရတာ အများကြီးခက်နိုင်တဲ့အတွက် ဒီကိစ္စကို ဦးမြင့်စိုးတို့ပဲ စအဆိုပြုတယ်ဆိုလို့ရှိရင် အခု သက်ဆိုင်ရာဝန်ကြီးဌာနကတော့ အဆင်ပြေတယ်လို့ ပြောတယ်။ ပြည်သူ့ကိုယ်စား ပြည်သူ့ဘက်ကကော ဒါဆိုရင်ကော အဆင်ပြေမလား။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဒီရဲ့ တင်ပြချက်အတိုင်းဆိုရင်တော့ အဆင်ပြေတယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ကဲ ဒီလိုဆိုရင် ဒီဟာ ဘာလဲဆိုရင် ပြင်ဆင်ချက်ထဲမှာ မပါပါဘူး။ ခုနက ဦးစောလှထွန်းက မူလဥပဒေမှာပါတဲ့ စာမျက်နှာ ၆ အမှတ်စဉ် ၁၃ ပုဒ်မ ၆ ကိုဖော်ပြခြင်းဖြစ်ပါတယ်။ အခုကတော့ ကျွန်တော်တို့က ဒီပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ဦးမြင့်စိုး၊ နှစ်ခုရှိပါတယ်။ ဒါဘာလဲဆိုရင် စာမျက်နှာ ၃ အမှတ်စဉ် ၆၊ ဒီနေရာမှာ ခုနက ဦးမြင့်စိုးက ၇(က)အနေနဲ့ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ခွင့်ပြုချက်မရှိဘဲ လမ်းမကြီး၏နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငွေကျပ် တစ်သိန်းမှ အများဆုံး ငွေကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ဒါကို ပြည်ထောင်စုဝန်ကြီးဌာနကလည်း သဘောတူပါသလား။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဒါနဲ့ပတ်သက်လို့ ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်ရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအတိုင်းပဲ စာမျက်နှာ ၄ အပိုဒ် ၄ မှာ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်ကပဲ မည်သူမဆို ၇(က)ပါ ပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့် အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလား။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်ရဲ့ပြင်ဆင် အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ လမ်းမကြီးဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၇ ချက်၊ ဒီအတိုင်းပဲ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ရမှာက ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ၆ ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ အချက် ၆ ချက်ကို အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လမ်းမကြီး များဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များ အနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် ၆ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင် ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေး ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြု သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်ချက်၊ အတည်ပြုချက်များကြောင့် ပြောင်းလဲ သွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့်

လမ်းမကြီးများဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နည်းဥပဒေရေးဆွဲတဲ့နေရာမှာတော့ ခုနက ကျွန်တော်တို့ လွှတ်တော်ထဲမှာ ဆွေးနွေးသွားတဲ့အချက်များ အားလုံးခြုံငုံမိအောင်ဆောင်ရွက်ဖို့ လိုပါတယ်။ ထိုနည်းတူစွာပဲ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က မူလအဆိုတင်သွင်းမယ်ဆိုတဲ့ကိစ္စလည်း ပြန်လည်စဉ်းစားပြီးတော့ အဆိုတင် သွင်းသင့်က တင်သွင်းဖို့ဖြစ်ပါတယ်။ အဲ့ဒီလိုတင်သွင်းပြီးတော့ ပြတ်ပြတ်သားသားဖြစ်တော့မှသာလျှင် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ နောင် ဆောင်ရွက်တဲ့အခါမှာ ပြည်သူများကြားမှာ ပြဿနာမဖြစ်နိုင်ဖို့ အခွင့်အရေးများပိုရှိတယ်လို့လည်း သုံးသပ်မိပါတယ်။ ဒါကြောင့်မို့လို့ နည်းဥပဒေရေးဆွဲတဲ့နေရာမှာ ဝန်ကြီးဌာနအနေနဲ့ ပြည်သူများဘက်ကပါ ကြည့်ပြီးတော့ အားလုံးပါဝင်ရေးဆွဲဖို့နဲ့ ပြည်သူများနဲ့ ဝန်ကြီးဌာနအကြား အငြင်းပွားမှုကို မဖြစ်ပေါ်စေနိုင်ရေးအတွက်လည်း အဆိုတစ်ရပ်အနေနဲ့ တင်သွင်းဖို့ သင့်/မသင့် ပြန်သုံးသပ်ပြီးတော့လည်း ဆောင်ရွက်သင့်တယ်လို့ ကျွန်တော် အကြံပြုတင်ပြ ချင်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၄-၆-၂၀၁၄ (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၅**။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၂း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]